ISP နှင့်အတူ မိနစ် ၃၀

30 MINUTES with the ISP

ISP Series

အမှတ်-၅ • ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ဖြန့်ချိပါသည်။

# တရုတ်နည်းတရုတ်ဟန် ဆန်ရှင်

'ISP နှင့်အတူ မိနစ် ၃၀' (30 Minutes with the ISP) အစီအစဉ် အမှတ်-၅ ၏ ဆွေးနွေးချက်များကို စုစည်းဖော်ပြခြင်းဖြစ်ပါသည်။





Design: San Win

ISP နှင့်အတူ မိနစ် ၃၀

# 30 MINUTES with the ISP

## တရုတ်နည်းတရုတ်ဟန် ဆန်ရှင်

### အယူအဆမှတ်စု

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၈ ရက်ကစပြီး မြန်မာ-တရုတ် နယ်စပ်ဂိတ်တွေထဲက ၁၄ ခုထက်မနည်းကို တရုတ်အစိုးရက ကာလအကန့်အသတ်မရှိ ပိတ်ခဲ့ပါတယ်။ စစ်ကောင်စီကို တိုက်ခိုက်နေတဲ့ မြောက်ပိုင်းမဟာမိတ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) တွေကို ဖိအားပေးဖို့ ရည်ရွယ်တာလို့ ယူဆနိုင်ပါတယ်။ ဒီလိုပိတ်လိုက်တာကြောင့် တရုတ်နိုင်ငံကနေ မြန်မာဘက်ကို တင်ပို့နေတဲ့ စားသောက်ကုန်၊ လူသုံးကုန်၊ လျှပ်စစ်ပစ္စည်း၊ အိမ်ဆောက်ပစ္စည်း၊ ဆေးဝါးနဲ့ လောင်စာဆီစတဲ့ ကုန်စည်တွေအတွက် အခက်ဖြစ်စေပြီး ပြည်သူတွေကိုပါ သက်ရောက်မှု ကြီးခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်က EAOs တွေအဖို့ စီးပွားရေး၊ ငွေကြေးစနစ်၊ ရိက္ခာ၊ ဆေးဝါးနဲ့ လောင်စာဆီတွေ ရရှိဖို့ တရုတ်နိုင်ငံကို အဓိကမှီခိုနေရတာပါ။ အခုပိတ်ဆို့မှုအသစ်ဟာ မဟာဗျူဟာဆုံးဖြတ်ချက်တခုအတွက် တရုတ်နိုင်ငံရဲ့ ရှားရှားပါးပါး ဒဏ်ခတ်ပိတ်ဆို့မှု (sanctions) မျိုး ဖြစ်ပါတယ်။

ယေဘုယျအားဖြင့်တော့ အနောက်နိုင်ငံအစိုးရတွေဟာ သူတို့ရဲ့အကျိုးစီးပွားတွေကို ခြိမ်းခြောက်ခဲ့ရင်၊ နိုင်ငံတကာတန်ဖိုးထားမှုတွေကို ချိုးဖောက်ခဲ့ရင် အစိုးရနဲ့ အစိုးရမဟုတ်တဲ့ အင်အားစုတွေကို စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်တတ်ပါတယ်။ မြန်မာနိုင်ငံအပေါ် အနောက်နိုင်ငံတွေရဲ့ ဆန်ရှင်တွေက ကျင့်ဝတ်၊ တန်ဖိုးထားမှုဆိုင်ရာကိစ္စတွေနဲ့ ပိုသက်ဆိုင်ပြီး စစ်ကောင်စီရဲ့ အမူအကျင့်တွေ ပြောင်းလဲဖို့ ရည်ရွယ်ပါတယ်။ တရုတ်နိုင်ငံရဲ့ အခုပိတ်ဆို့မှုကတော့ အထူးသဖြင့် မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့တွေအပေါ် ပစ်မှတ်ထားပြီး စစ်ကောင်စီနဲ့ ညှိနှိုင်းဆွေးနွေးစေဖို့လို့ ခန့်မှန်းရပါတယ်။ 'ဝ'ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP/UWSA) ခေါင်းဆောင်တွေနဲ့ တရုတ်အထူးသံ တိန့်ရှီကျွန်းရဲ့ အစည်းအဝေးမှတ်တမ်း ပေါက်ကြားချက်အရ လားရှိုးမြို့ကို ပြန်လည်ပေးအပ်စေချင်တယ်ဆိုတာ ပေါ်လွင်ပါတယ်။ တချိန်တည်းမှာပဲ မြန်မာ-တရုတ်နယ်စပ်က EAOs တွေအပေါ် 'ဖြတ်ငါးဖြတ်' အဖြစ် လျှပ်စစ်၊ ရေ၊ အင်တာနက်၊ ထောက်ပို့နဲ့ လူအင်အားတွေကို ဖြတ်တောက်ခဲ့ပါတယ်။

မြန်မာ-တရုတ်နယ်စပ်က ဂိတ်တွေကို ပိတ်လိုက်ပြီးနောက် တရုတ်နိုင်ငံအနေနဲ့ ဘယ်လောက်အထိ ဆက်ပြီးဆောင်ရွက်မယ်ဆိုတဲ့ ရည်မှန်းချက်ကို မသိနိုင်ပါဘူး။ နိုဝင်ဘာ ၅ ရက်မှာတော့ စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဟာ အာဏာသိမ်းပြီး လေးနှစ်နီးပါးကာလအတွင်း တရုတ်နိုင်ငံကို ပထမဆုံး သွားရောက်ခွင့်ရခဲ့ပါတယ်။ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ကူမင်းမြို့မှာ ပြုလုပ်တဲ့ ရှစ်ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးတွေတက်ဖို့ သွားခဲ့တာပါ။ အဲဒီမှာ တရုတ်နိုင်ငံဝန်ကြီးချုပ် လီချန်းနဲ့ တွေ့ဆုံခဲ့သလို ကမ္ဘောဒီးယားနဲ့ လာအိုနိုင်ငံက ဝန်ကြီးချုပ်တွေနဲ့လည်း သီးသန့်တွေ့ဆုံဆွေးနွေးတာတွေ ရှိခဲ့ပါတယ်။ စစ်ခေါင်းဆောင်နဲ့ တရုတ်ဝန်ကြီးချုပ်တို့ တွေ့ဆုံချိန်မှာ 'နှစ်နိုင်ငံနယ်စပ်ဂိတ်များသည် အစိုးရ၏စီမံခန့်ခွဲမှုအောက်တွင် ရှိရမည်ဖြစ်ပြီး အပြည့်အဝစီမံခန့်ခွဲနိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း' တရုတ်ဝန်ကြီးချုပ်က ပြောခဲ့တယ်လို့ စစ်ကောင်စီက သတင်းထုတ်ပြန်ထားပါတယ်။

အခုချိန်မှာတော့ နယ်စပ်ဂိတ်တွေ ပိတ်ထားတာကြောင့် တရုတ်ထုတ်ကုန်တွေကို အလုံးစုံမှီခိုနေရတဲ့ မြန်မာလူထုအဖို့တော့ သက်ရောက်မှု အင်မတန်ကြီးမားပါတယ်။ တချိန်တည်းမှာ ထိုင်းနယ်စပ်ကုန်သွယ်ရေးတွေလည်း ပြတ်တောက်နေပါတယ်။ စစ်ကောင်စီကလည်း တရားမဝင် ကုန်ပစ္စည်းတင်သွင်းမှုတွေကို ကြပ်မတ်စစ်ဆေးပြီး တရစပ်ဖမ်းဆီးမှုတွေ လုပ်နေတာကြောင့် လူသုံးကုန်ရှားပါး ပြတ်လပ်မှုတွေ ကြုံတွေ့နေရပါတယ်။

နိုင်ငံတကာနဲ့ ကုန်သွယ်ရေးအငြင်းပွားမှုတွေမှာ ဒဏ်ခတ်မှုနည်းနာတွေကို တရုတ်နိုင်ငံအနေနဲ့ မကြာသေးမီကာလမှာ အသုံးချလာခဲ့ပါတယ်။ အမေရိကန်နဲ့ ကုန်သွယ်မှု၊ အကောက်ခွန်စည်းကြပ်မှုတွေကို တန်ပြန်ရာမှာ အဓိကတွေ့ရပါတယ်။ အခြားနိုင်ငံတွေအနေနဲ့ ဩစတြေးလျဝိုင်အရက်၊ နော်ဝေနိုင်ငံက ဆယ်လမွန်ငါးနဲ့ တောင်ကိုရီးယား ခရီးသွားလုပ်ငန်းတွေကို ကန့်သတ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံရဲ့ နယ်စပ်ကုန်သွယ်ရေးတချို့အပေါ် အခုစတင်ကျင့်သုံးတဲ့ ဒဏ်ခတ်တင်းကျပ်မှုနဲ့တော့ သဘောသဘာဝ မတူညီပါဘူး။ အခုလို တရုတ်နည်းတရုတ်ဟန်နဲ့ ဆောင်ရွက်လာတဲ့ ပိတ်ဆို့ဒဏ်ခတ်မှုတွေက ဘယ်လိုသဘောဆောင်ပါသလဲ၊ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ဘယ်လိုဆက်ရှိနိုင်ပါသလဲ စတဲ့အချက်တွေကို 'ISP နှင့်အတူ မိနစ် ၃၀'မှာ ဆွေးနွေးခဲ့ကြတာ ဖြစ်ပါတယ်။ ■


ISP နှင့်အတူ မိနစ် ၃၀

# 30 MINUTES with the ISP

အမှတ်-၅

## တရုတ်နည်းတရုတ်ဟန် ဆန်ရှင်

ISP-Myanmar ရဲ့ China Studies Program နဲ့
Conflict, Peace and Security Program တို့က ဆွေးနွေးတင်ပြထားပါတယ်။




နန်းလွင်
Program Head
China Studies Program
ဦးဆောင်ဆွေးနွေးသူ



ကောင်းစံ
Program Assistant
China Studies Program
ဆွေးနွေးဖက်



ထက်ရှိန်
Program Associate
Conflict, Peace & Security Program
ဆွေးနွေးဖက်




ရည်မွန်
Program Assistant
China Studies Program
အခမ်းအနားမှူး

ဒီအစီအစဉ်ကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၉ ရက်မှာ လုပ်ခဲ့ပါတယ်။
ISP ကပြင်ရပ်ဝန်းသူ ရပ်ဝန်းသားတွေလည်း ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြပါတယ်။
ဆွေးနွေးမှုရုပ်သံဖိုင်ကို ISP YouTube Channel မှာ ပြန်ကြည့်လို့ရပါတယ်။
DVB ရုပ်သံလိုင်းကနေလည်း အပတ်စဉ် **တနင်္လာမနက် ၁၁ နာရီခွဲ**နဲ့
**ဗုဒ္ဓဟူးည ၇ နာရီခွဲ** အချိန်တွေမှာ ပြန်လွှင့်ပေးနေပါတယ်။

ISP နှင့်အတူ မိနစ် ၃၀

30 MINUTES with the ISP



ရည်မွန်

Program Assistant
ISP China Studies Program
အခမ်းအနားမှူး

'**ISP နှင့်အတူ မိနစ် ၃၀**' အစီအစဉ်ကို တက်ရောက်လာကြတဲ့ ကပြင်ရပ်ဝန်းသူ၊ ရပ်ဝန်းသားများအားလုံး မင်္ဂလာပါ။ ကျနော်ကတော့ ရည်မွန်ပါ။ ဒီနေ့အစီအစဉ်မှာ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အခုအစီအစဉ်ကတော့ 'ISP နှင့်အတူ မိနစ် ၃၀' ရဲ့ ငါးကြိမ်မြောက် ဆွေးနွေးပွဲအစီအစဉ် ဖြစ်ပါတယ်။ '**တရုတ်နည်းတရုတ်ဟန် ဆန်ရှင်**' ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆွေးနွေးသွားကြမှာပါ။

ဆွေးနွေးမယ့်သူတွေကတော့ China Studies Program, Program Head ဖြစ်တဲ့ မနန်းလွင်၊ Program Assistant ဖြစ်တဲ့ ကိုကောင်းစံနဲ့ Conflict, Peace and Security Program ရဲ့ Program Associate ကိုထက်ရှိန်တို့ဖြစ်ပါတယ်။ ဒီနေ့ဆွေးနွေးမှုတွေအပြီးမှာ ကပြင်ရပ်ဝန်းသူ၊ ရပ်ဝန်းသားတွေဆီကနေ ကြိုတင်ကောက်ယူထားတဲ့ မေးခွန်းတွေအပြင် ဆွေးနွေးပွဲ တက်ရောက်လာသူတွေရဲ့ မေးခွန်းနဲ့ မှတ်ချက်တွေကို လက်ခံဆွေးနွေးသွားပါမယ်။ Live မေးတာအပြင် Chat နဲ့ Q&A ကနေလည်း မေးမြန်းနိုင်ပါတယ်။ အစီအစဉ် အချိန်အကန့်အသတ်ကြောင့် မဖြေလိုက်ရတဲ့ မေးခွန်းနဲ့ မှတ်ချက်တွေကို အီးမေးလ်ကနေ ပြန်လည်ပေးပို့သွားပါ့မယ်။

မေးခွန်းနဲ့ မှတ်ချက်တွေမှာသတိပြုဖို့ကတော့ လူမျိုး၊ ဘာသာ၊ ကျား/မ လိင်ခံယူမှု၊ နိုင်ငံရေး အမြင်မတူမှုစတာတွေအပေါ်မှာ ခွဲခြားပြောဆိုတဲ့ အမုန်းစကားတွေ မပါဝင်ဖို့ပါဘဲ။ ဒီအချက်တွေကို Chat ကနေလည်း ပေးပို့ထားပါတယ်။ အခုအစီအစဉ်ကို DVB ရုပ်သံသတင်းဌာန အပြင် ISP-Myanmar ရဲ့ ဝက်ဘ်ဆိုက်နဲ့ ဆိုရှယ်မီဒီယာတွေမှာလည်း ထုတ်လွှင့်ပြသသွားမှာ ဖြစ်ပါတယ်။ ဆွေးနွေးပွဲမစခင် အခုခေါင်းစဉ်နဲ့ ပတ်သက်ပြီး လေ့လာချက်ထဲက တချို့ အကြောင်းအရာတွေကို ထုတ်နုတ်ထားတဲ့ Video ကို ဖွင့်ပြချင်ပါတယ်။ အဲဒါပြီးရင် panelists တွေက ဆက်ပြီးဆွေးနွေးပေးပါဦး။

30 **Minutes** with the **ISP**


## တရုတ်နည်းတရုတ်ဟန် ဆန်ရှင်

ဆွေးနွေးမှုဗီဒီယိုဖိုင်ကို ISP YouTube Channel မှာ ကြည့်ရှုနိုင်ပါတယ်။
အခုအစီအစဉ်ကို အပတ်စဉ် တနင်္လာမနက် ၁၁း၃၀ နာရီနဲ့ ဗုဒ္ဓဟူးည ၇း၃၀ နာရီအချိန်တွေမှာ
DVB ရုပ်သံလိုင်းကလည်း ထုတ်လွှင့်ပေးနေပါတယ်။

SCAN THIS CODE

ISP နှင့်အတူ မိနစ် ၃၀

30 MINUTES with the ISP



နန်းလွင်

Program Head

ISP China Studies Program

ဦးဆောင်ဆွေးနွေးသူ

ဟုတ်ကဲ့။ ဒီနေ့ပွဲကို တက်ရောက်လာတဲ့ ကပြင်ရပ်ဝန်းသူ၊ ရပ်ဝန်းသားများ အားလုံး မင်္ဂလာပါရှင့်။ ဒီနေ့မှာတော့ မြန်မာ-တရုတ် နယ်စပ်မှာရှိနေတဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေအပေါ်မှာ တရုတ်နိုင်ငံရဲ့ ပိတ်ဆို့မှုနောက်ကွယ်က ရည်ရွယ်ချက်၊ တွန်းအားတွေနဲ့ သက်ရောက်မှုတွေကို အပိုင်းသုံးပိုင်းခွဲပြီး ကျမတို့ ဆွေးနွေးသွားပါမယ်။ ပထမဆုံးအနေနဲ့ ဆွေးနွေးချင်တာကတော့ တရုတ်နိုင်ငံအနေနဲ့ မြန်မာ-တရုတ်နယ်စပ်က တိုင်းရင်းသားလက်နက်ကိုင်တွေပေါ်မှာ ချမှတ်တဲ့ တရုတ်နည်းတရုတ်ဟန် ပိတ်ဆို့မှုအကြောင်းပါ။ ကျမတို့ စီးပွားရေးပိတ်ဆို့အရေးယူမှု (sanction) လို့ပြောရင် အာဏာရှင်တွေ၊ သူတို့နဲ့ ဆက်စပ်နေတဲ့ စီးပွားရေးသမားတွေ၊ အဖွဲ့အစည်းတွေ၊ ပုဂ္ဂိုလ်တဦးချင်းအပေါ်မှာ နိုင်ငံတကာက ပြစ်ဒဏ်ခတ်အရေးယူ ပိတ်ဆို့တယ်ဆိုတာကို အများဆုံး မြင်ကြကြားကြရမှာပါ။ များသောအားဖြင့်တော့ အဲဒီနိုင်ငံတွေရဲ့ ဦးတည်ချက်က အာဏာရှင်တွေ အကျပ်ရိုက်ပြုတ်ကျရေးကို ရည်ရွယ်ပါတယ်။ ဒီတော့ ဦးတည်ချက်အရ နှိုင်းယှဉ်ရင် တရုတ်ရဲ့ချဉ်းကပ်ပုံဟာ အနောက်နိုင်ငံတွေရဲ့ ချဉ်းကပ်ပုံနဲ့ ကွာခြားပါတယ်။

ကျမတို့ လေ့လာကြည့်သလောက် တရုတ်နိုင်ငံဟာ တရားဝင်ပိတ်ဆို့အရေးယူမှု (formal sanctions) ကို  လုပ်တာ အင်မတန်မှရှားပါတယ်။ အများပြည်သူ သိသာအောင်မလုပ်ဘဲ၊ မပြောဘဲ မသိမသာ အရေးယူမှုတွေကို လုပ်တတ်ပါတယ်။ ဒီလမ်းစဉ်က တဖက်မှာ တရုတ်နိုင်ငံက ခေါင်းဆောင်တွေ ပြောပြောနေတဲ့ တည်ငြိမ်တဲ့ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်ကို ထိန်းသိမ်းတာဖြစ်သလို တဖက်မှာလည်း စီးပွားရေးအရ ဖိအားပေးပြီး ကိုယ်လိုချင်တဲ့လမ်းကို ရောက်အောင် တဖက်ကို အင်အားသုံး တွန်းအားပေးတာဖြစ်ပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံ ▶

အနေနဲ့ ပိတ်ဆို့မှုတွေကို ဘယ်လိုလုပ်သလဲဆိုရင် တိုင်းပြည်အချုပ်အခြာအာဏာနဲ့ အမျိုးသားအကျိုးစီးပွားကို ထိခိုက်တယ်၊ ပြောရရင်တော့ သူတို့ရဲ့ နိုင်ငံရေးစနစ်ကို ခြိမ်းခြောက်လာတဲ့ အခြေအနေမျိုးမှာ လက်တုံ့ပြန်တဲ့အနေနဲ့ (retaliatory measures) တရုတ်ဆန်ရှင်လုပ်တာ များပါတယ်။ ဖိအားပေးတဲ့နေရာမှာ ခြုံငုံထိရောက်မှု အားကောင်းစေတဲ့ ကုန်သွယ်ရေး ကန့်သတ်ချက်တွေ၊ ရင်းနှီးမြှုပ်နှံမှုကန့်သတ်ချက်တွေ ဒါမှမဟုတ် ခရီးသွားလာမှုပိတ်ပင်တာတွေကို လုပ်လေ့ရှိပါတယ်။ အထူးသဖြင့်တော့ ဆန်ရှင်လုပ်ခံရသူရဲ့ အပြုအမူပြောင်းလဲရေး (behavioral change)၊ သူဖြစ်ချင်တဲ့ ပုံစံကိုရှေးရှုစေဖို့ ဦးတည်ဖိအားပေးတာပါ။

ဒါဖြင့်ရင် ဘာကြောင့်တရုတ်က တရုတ်နည်းတရုတ်ဟန် ဆန်ရှင်ကိုချမှတ်ပြီး မြောက်ပိုင်းက EAOs တွေကို ဖိအားပေးနေရတာလဲဆိုတာကို ဆန်းစစ်ကြည့်ဖို့ လိုပါတယ်။ မနှစ်က ဖြစ်ခဲ့တဲ့ 'စစ်ဆင်ရေး ၁၀၂၇'နောက်ပိုင်းမှာ ညီနောင်မဟာမိတ်သုံးဖွဲ့ရဲ့ ပူးပေါင်းစစ်ဆင်ရေးဟာ ရှမ်းမြောက်မှာ အာဏာချိန်ခွင် အပြောင်းအလဲတင်မကဘဲ စစ်တပ်ကို သမိုင်းမှာမကြုံစဖူး အရှက်ရစေတဲ့ ဆုံးရှုံးမှုမျိုးကို ကြုံတွေ့ခဲ့ပါတယ်။ တရုတ်နိုင်ငံဘက်ကတော့ ဒီအခြေအနေဟာ သူ့ရဲ့စီးပွားရေးအကျိုးစီးပွားတွေ၊ မဟာဗျူဟာအရ အကျိုးစီးပွားတွေကို ထိခိုက်လာတယ်လို့ ရှုမြင်လာပုံရပါတယ်။ ဒါကြောင့် တရုတ်ရဲ့မဟာဗျူဟာ စဉ်းစားချက်မှာ ကြားဝင်ညှိနှိုင်းပေးတဲ့ချဉ်းကပ်မှုတင်မက နည်းလမ်းအမျိုးမျိုးနဲ့ ဖိအားပေးဆန်ရှင် လုပ်တဲ့ ချဉ်းကပ်မှုကိုပါ ပေါင်းစပ်ကျင့်သုံးလာတာ ဖြစ်ပါတယ်။

တရုတ်နိုင်ငံရဲ့ ရပ်တည်ချက်နဲ့ ဦးတည်ချက်ကို '၀' ခေါင်းဆောင်တွေနဲ့ တရုတ်အထူးသံတမန်တို့ တွေ့ဆုံတဲ့ အစည်းအဝေးမှတ်တမ်းတွေကို လေ့လာကြည့်မယ်ဆိုရင် တော်တော်လေးကို ရှင်းရှင်းလင်းလင်း ကျမတို့ သိနိုင်ပါတယ်။ အရေးကြီးတဲ့အချက်တွေက မြန်မာနိုင်ငံမှာ စစ်တပ်ပြိုတာကို မလိုလားပါဘူး။ EAOs၊ မဟာမိတ်အဖွဲ့တွေ အင်အားကြီးထွားလာမှုနဲ့ စစ်ရေးအောင်နိုင်မှုတွေကို အရှိန်တန့်သွားအောင် ခွေထားချင်ပုံရပါတယ်။ စစ်တပ်နဲ့ညှိနှိုင်းဖို့ အလျှော့အတင်း၊ အကျိုးအမြတ် (bargaining chip) အနေနဲ့ ကိုးကန့်သိမ်းယူထားတဲ့ လားရှိုးကနေ ဆုတ်ပေးရမယ်။ နောက်သတိပြုသင့်တဲ့တချက်ကတော့ ဒီမြောက်ပိုင်းအဖွဲ့ရဲ့ စစ်ရေးလှုပ်ရှားမှုတွေက အထူးသဖြင့် ကိုးကန့်ရဲ့စစ်ရေးလှုပ်ရှားမှုတွေက တရုတ်နိုင်ငံရဲ့ မဟာဗျူဟာမြောက် ရပ်ဝန်းလမ်းကြောင်းစီမံကိန်းကို ပြင်းပြင်းထန်ထန်ထိခိုက်စေတယ်လို့ တရုတ်နိုင်ငံဘက်က ယူဆနေပါတယ်။ ဒါ့အပြင် ဒီလိုစစ်ရေးလှုပ်ရှားမှုတွေဟာ အနောက်နိုင်ငံတွေက မြန်မာ့အရေး ဝင်ရောက်စွက်ဖက်ဖို့ အခွင့်အရေး ရသွားနိုင်တယ်လို့ တရုတ်နိုင်ငံဘက်က သတိကြီးကြီးထားနေပါတယ်။ ဒါကြောင့်ပဲ တရုတ်က ရှမ်း

မြောက်မှာ နယ်စပ်တွေကိုပိတ်ပြီး ပိတ်ဆို့မှုတွေလုပ်ခဲ့တာပါ။ ဒါ့အပြင် တရုတ်နည်းတရုတ်ဟန် အတိုင်းပါပဲ၊ တဖက်မှာလည်း ရှမ်းပြည်မြောက်ပိုင်းမှာ အင်အားအကြီးဆုံး ဖြစ်တဲ့ 'ဝ' ခေါင်းဆောင်တွေကို ဒီပိတ်ဆို့မှုတွေမှာ မပူးပေါင်းရင် 'ဝ' ဒေသအပေါ်မှာလည်း အလားတူ ပိတ်ဆို့ကန့်သတ်တာတွေလုပ်မယ်လို့ ခပ်ပြင်းပြင်းခြိမ်းခြောက်ရာဇသံပေးခဲ့တာပါ။ တဖက်မှာလည်း KIA က နယ်စပ်ကမြို့တွေကို တိုက်ခိုက် သိမ်းပိုက်တဲ့အခါမှာလည်း နယ်စပ်ဂိတ်တွေကို တရုတ်က ပိတ်ပစ်ပါတယ်။

ဒီအခြေအနေကို ကျမတို့ သုံးသပ်မယ်ဆိုရင် တရုတ်နိုင်ငံဟာ နယ်စပ်မှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေအပြင် ဆက်စပ်နေတဲ့ တော်လှန်ရေး အင်အားစုတွေအပေါ်မှာ သမိုင်းမှာမကြုံစဖူးလို့ပြောနိုင်မယ့် ပိတ်ဆို့မှုကို တပြိုင်နက်တည်း၊ တပေါင်းတည်းဒဏ်ခတ်တာ (collective punishment) လုပ်ပြီး လက်ရှိနိုင်ငံရေး အခင်းအကျင်းအပေါ် သူတို့သဘောမတွေ့တာကို မာမာတင်းတင်းပြသတာ ဖြစ်ပါတယ်။ တရုတ်နိုင်ငံရဲ့ အခုပိတ်ဆို့မှုဟာ ရည်ရွယ်ချက်၊ ဦးတည်ချက် တိတိကျကျရှိပြီး 'ဆန်ပေးမှ ဆေးရ' ဆိုတဲ့ 'ဒါလုပ်ရင် ဒါရမယ်'၊ ပစ်မှတ်ရှင်းလင်းတဲ့ ဦးတည်ချက်နဲ့ အရေးယူဆန်ရှင်လုပ်တာမျိုးကို သတိပြုနိုင်ပါတယ်။ နိုင်ငံရေးအရ ရည်ရွယ်ချက်ပါတဲ့ (politically motivated sanction) ပိတ်ဆို့မှုလို့လည်း သုံးသပ်နိုင်ပါတယ်။ ဆန်ရှင်တွေရဲ့ သဘောသဘာဝအတိုင်း တဖက်ကို အဖွင့်လုပ်ပြီး တဖက်ကို အပိတ် လုပ်လေ့ရှိပါတယ်။ တရုတ်ရဲ့ ဆန်ရှင်မှာဆိုရင် အပိတ်ကို EAOs တွေကို လုပ်ပြီးတော့ အဖွင့်ကိုတော့ SAC ကို လုပ်လာတာတွေ့ရပါတယ်။ အခု SAC ဥက္ကဋ္ဌကို မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးကို ဖိတ်ခေါ်ခဲ့ပြီး တရုတ်ဝန်ကြီးချုပ်နဲ့ တွေ့ဆုံခွင့်ပေးတာက SAC ကို လမ်းဖွင့်ပေးတာလို့ မှတ်ယူနိုင်ပါတယ်။ ဒါ့အပြင် နိုင်ငံရေးအရ ထွက်ပေါက်အဖြစ် SAC ရဲ့ရွေးကောက်ပွဲကို ထောက်ခံပေးတယ်။ စစ်ရေးအရ ထောက်ပံ့မှုတွေပေးတယ်။ တရုတ်ရဲ့ ပိတ်ဆို့မှုမှာ ဒီသဘောသဘာဝကို ကျမတို့မြင်ရပါတယ်။ လတ်တလောမှာတော့ တရုတ်နိုင်ငံအနေနဲ့ မြန်မာပြည်မြောက်ပိုင်း အခြေအနေကို သူလိုချင်တဲ့ အခြေအနေ မရောက်မချင်း ဒီလိုပိတ်ဆို့မှုတွေ ဆက်လုပ်ဖို့ သန္နိဋ္ဌာန် ချထားတာကို မြင်ရတယ်လို့ ကျမ ဆွေးနွေးချင်ပါတယ်။

မြန်မာ-တရုတ် နယ်စပ်မှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေရဲ့ လက်ရှိနယ်မြေစိုးမိုးမှု အခြေအနေတွေနဲ့ တရုတ်ဘက်က ပိတ်ဆို့မှုအခြေအနေတွေကို ကိုကောင်းစံက ဆက်လက်ဆွေးနွေးပေးပါဦးရှင့်။



ကောင်းစံ
Program Assistant
ISP China Studies Program
ဆွေးနွေးဖက်

ဟုတ်ကဲ့ခင်ဗျ။ 'စစ်ဆင်ရေး ၁၀၂၇' အလွန် တနှစ်အတွင်းမှာပေါ့နော် မြောက်ပိုင်းမဟာမိတ်တပ်တွေဟာ မြန်မာ-တရုတ်နယ်စပ်က ကုန်သွယ်ရေးဂိတ်တွေကို ထိန်းချုပ်နိုင်လိုက်တဲ့အတွက်ကြောင့် ပထဝီနိုင်ငံရေး (geopolitical leverage) အရ အားသာချက် အလိုလိုရှိသလိုဖြစ်သွားပါတယ်။ အဲဒါအပြင် ရေရှည်အတွက် အကျိုးအမြတ်ခွဲဝေရေးအရ၊ စီးပွားရေးအရ၊ ပထဝီနိုင်ငံရေးအရ အားသာချက်ရှိတဲ့ နယ်မြေတွေကိုလည်း ထိန်းချုပ်နိုင်ခဲ့ပါတယ်။ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးမှာဆိုလို့ရှိရင် နိုင်ငံတော်အဆင့်စခန်းငါးခုမှာ သုံးခုကို ထိန်းချုပ်နိုင်ခဲ့ပါတယ်။

အခုပုံမှာပြထားတဲ့အတိုင်းပဲပေါ့နော် အဲဒီစခန်းတွေရဲ့ ကုန်သွယ်မှုတန်ဖိုးက အာဏာသိမ်းမှုအလွန် သုံးနှစ်ကျော်ကာလအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး စုစုပေါင်း တန်ဖိုးရဲ့ ၉၁ ရာခိုင်နှုန်းနီးပါး ရှိပါတယ်။ ပြီးတော့ အဲဒီနယ်စပ်စခန်းတွေက တရုတ်သမ္မတ ရှီကျင့်ဖျင်ရဲ့ မဟာဗျူဟာကျ ရပ်ဝန်းလမ်းကြောင်းအစီအမံနဲ့ ကုန်းလမ်း-ရေလမ်း နိုင်ငံတကာစင်္ကြံစီမံကိန်း (ILSTC) လို စီမံကိန်းတွေ ဖြတ်သန်းသွားလာတဲ့တံခါးပေါက် (gateway) လည်းဖြစ်တဲ့အတွက်ကြောင့် မဟာဗျူဟာကျ၊ အချက်အချာကျတဲ့နေရာတွေ (strategic choke points) ကို EAOs တွေက ထိန်းချုပ်ထားတယ်လို့ ဆိုနိုင်ပါတယ်။ နောက်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းအပါအဝင်၊ ဆက်စပ်နေတဲ့ မြန်မာနိုင်ငံအလယ်ပိုင်းမှာ တရုတ်နိုင်ငံက အကောင်အထည်ဖော်နေတဲ့၊ အကောင်အထည်ဖော်ဖို့ပြင်နေတဲ့၊ တရုတ်ရင်းနှီးမြှုပ်နှံမှု စီမံကိန်း ၁၀ ခုကိုလည်း EAOs တွေနဲ့ ပြည်သူ့ကာကွယ်ရေးတပ် (PDFs) တွေက အပြည့်အဝ ထိန်းချုပ်ထားပါတယ်။


ကပြင်ရပ်ဝန်း
ISP Myanmar

ISP CHINA STUDIES PROGRAM

## မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုတန်ဖိုး ၉၁ ရာခိုင်နှုန်းရှိသည့် စခန်းသုံးခုကို EAOs များ ထိန်းချုပ်

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် ဇွန်လအထိ)

အာဏာသိမ်းပြီးနောက်ပိုင်း ၂၀၂၄ ခုနှစ် ဇွန်လအထိ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော်ရှိခဲ့သည်။ အဆိုပါပမာဏအနက် ကိုးဘီလီယံကျော် ကုန်သွယ်မှုတန်ဖိုးရှိသည့် ကုန်သွယ်ရေးစခန်းပေါင်း သုံးခုကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက လက်ရှိထိန်းချုပ်ထားသည်။ စစ်ကောင်စီကမူ အမေရိကန်ဒေါ်လာ သန်း ၉၀၀ ကျော် တန်ဖိုးရှိသည့် ကုန်သွယ်ရေးစခန်း နှစ်ခုကိုသာ ထိန်းချုပ်ထားနိုင်သည်။




ရင်းမြစ် - စစ်ကောင်စီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဒါ့အပြင် ကချင်-တရုတ်နယ်စပ်မှာလည်း မြေရှားသတ္တုလုပ်ကွက်တွေ ၃၀၀ ထက်မနည်းရှိတဲ့ ချီဖွေ၊ ပန်ဝါနဲ့ ဖီမော်မြို့တွေကို ကချင်လွတ်လပ်ရေးတပ်မတော် (KIA) က သိမ်းယူထိန်းချုပ်ထားပါတယ်။ ဒါကလည်း အရေးပါတဲ့အခြေအနေတခုပေါ့နော်။ ပြီးခဲ့တဲ့ ခုနစ်နှစ်ကျော်ကာလအတွင်းမှာဆိုလို့ရှိရင် တရုတ်နိုင်ငံကိုတင်ပို့ကြတဲ့ မြေရှားသတ္တုတွေရဲ့ ၇၀-၈၀ ရာခိုင်နှုန်းနီးပါးက မြန်မာနိုင်ငံကဖြစ်ပါတယ်။ လောလောဆယ်မှာတော့ စစ်ရှိန်မြင့်လာတဲ့အတွက် မြေရှားလုပ်ကွက်တွေကို ရပ်နားထားရပါတယ်။ ပြီးတော့ နယ်စပ်ဂိတ်တွေကို ပိတ်တဲ့အတွက်ကြောင့် တူးဖော်ပြီးသား မြေရှားတွေတင်ပို့ဖို့အတွက်လည်း အခက်အခဲဖြစ်နေပါတယ်။ ရပ်နားထားရတဲ့အခြေအနေမျိုး ဖြစ်နေပါတယ်။ ပြီးတော့ တဖက်မှာလည်း မြန်မာနိုင်ငံ အထူးသဖြင့် ကချင်ပြည်နယ်ကထွက်တဲ့ မြေရှားတွေကို တရုတ်ဈေးကွက်က မှီခိုနေရသလိုမျိုးလည်း ဖြစ်ပါတယ်။ အဲဒီအတွက် မြေရှားဈေးနှုန်းတွေကလည်း တက်လာပါတယ်။ ဒီအခြေအနေမှာ KIA က ဘယ်လိုဆက်လုပ်မလဲ၊ နောက် KIA နဲ့ဆက်ဆံရေးကိုရော တရုတ်နိုင်ငံက ဘယ်လိုပြောင်းလဲမလဲ၊ ဒါမှမဟုတ် ဘယ်လိုဖိအားပေးမှုတွေ ပိုလုပ်လာမလဲဆိုတာကိုတော့ ဆက်ပြီးတော့ လေ့လာကြရမှာပါ။

ခုနက မနန်းလွင်ဆွေးနွေးခဲ့သလိုပါပဲ၊ တရုတ်အစိုးရအနေနဲ့ သူ့စကားကိုနားမထောင်တဲ့ EAOs တွေကို စစ်ရေးအရ ချည့်နဲ့အောင်လို့ သုံးတဲ့ဗျူဟာကတော့ ရေဖြတ်၊ မီးဖြတ်၊ အင်တာနက်ဖြတ်၊ ထောက်ပို့ဖြတ်၊ နောက် လူအင်အားဖြတ်ဆိုတဲ့ 'ဖြတ်ငါးဖြတ်' နည်းကိုသုံးပြီး ပိတ်ဆို့မှုတွေလုပ်တာပါ။ အခုဆို နယ်စပ်ဂိတ်တွေကိုပါ ပိတ်တဲ့အတွက်ကြောင့်၊ နောက် ကန့်သတ်တာတွေပါ လုပ်လာတဲ့အတွက်ကြောင့် မြန်မာ-တရုတ် နယ်စပ်ဂိတ်အားလုံးမှာ ကုန်စည်စီးဆင်းမှုက ရပ်ဆိုင်းသလိုအခြေအနေမျိုး ဖြစ်နေပါတယ်။

အခုပုံမှာပြထားသလိုပဲပေါ့နော် ISP-Myanmar ရဲ့ သုတေသနပြု လေ့လာချက်တွေအရဆိုလို့ရှိရင်လည်း မြန်မာ-တရုတ်နယ်စပ်မှာ စစ်ကောင်စီအပြင် EAOs တွေနဲ့ ကုန်စည်ကူးသန်းမှုလုပ်နေတဲ့ နယ်စပ်ဂိတ်ပေါင်း ၁၉ ခုရှိတဲ့အထဲက ၁၄ ခုကို တရုတ်နိုင်ငံက လုံးဝပိတ်လိုက်ပါတယ်။ ကျန်တဲ့နယ်စပ်ဂိတ် ငါးခုမှာလည်း ကုန်စည်တင်သွင်းခွင့်ကို ကန့်သတ်ထား ▶

ကပြင်ရပ်ဝန်း
ISP Myanmar

## ■ မြန်မာ-တရုတ်နယ်စပ်ရှိ ဂိတ် ၁၉ ခုအနက် ၁၄ ခုကို တရုတ်နိုင်ငံ ပိတ်ထား


(၂၀၂၄ ခုနှစ် နိုဝင်ဘာ ၈ ရက်အထိ)

မြန်မာ-တရုတ်နယ်စပ်ရှိ နယ်စပ်ဂိတ်ပေါင်း ၁၉ ခုအနက် ၁၄ ခုကို လက်ရှိတွင် တရုတ်နိုင်ငံက ပိတ်ထားသည်။ အဆိုပါ ဂိတ် ၁၄ ခုအနက် ကန်ပိုက်တီဂိတ်တခုကိုသာ စစ်ကောင်စီက ထိန်းချုပ်ထားနိုင်ပြီး ကျန်ဂိတ် ၁၃ ခုကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ထိန်းချုပ်ထားသည်။ ထို့အပြင် မြန်မာနိုင်ငံဘက်သို့ ကုန်ပစ္စည်းတင်ပို့မှုကို တရုတ်နိုင်ငံဘက်က ကန့်သတ်ထားသည့်ဂိတ် ငါးခုရှိသည်။ အဆိုပါဂိတ်ငါးခုအနက်တွင် မန့်ဝိန်းဂိတ်တခုကိုသာ စစ်ကောင်စီက ထိန်းချုပ်ထားနိုင်ပြီး ကျန်လေးခုကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ထိန်းချုပ်ထားသည်။

● မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးဂိတ်များ

| စဉ် | ဂိတ်များ | မှတ်ချက် |
|---|---|---|
| ၁ | ဖီမော် | KIA ထိန်းချုပ် |
| ၂ | ပန်ဝါ | KIA ထိန်းချုပ် |
| ၃ | ကန်ပိုက်တီ | SAC ထိန်းချုပ် |
| ၄ | ခေါင်ရှောင် | KIA ထိန်းချုပ် |
| ၅ | လိုင်ဇာ | KIA ထိန်းချုပ် |
| ၆ | မိုင်ဂျာယန် | KIA ထိန်းချုပ် |
| ၇ | လွယ်ဂျယ် | KIA ထိန်းချုပ် |
| ၈ | ကျင်စန်းကျော့ | MNDAA ထိန်းချုပ် |
| ၉ | မန့်ဝိန်း | SAC ထိန်းချုပ် |
| ၁၀ | နမ့်ခမ်း | TNLA ထိန်းချုပ် |
| ၁၁ | ကြူကုတ်(ပန်ဆိုင်း) | MNDAA ထိန်းချုပ် |
| ၁၂ | မုန်းကိုး | MNDAA ထိန်းချုပ် |
| ၁၃ | ရန်လုံကျိုင်း | MNDAA ထိန်းချုပ် |
| ၁၄ | ချင်းရွှေဟော် | MNDAA ထိန်းချုပ် |
| ၁၅ | နမ့်တစ် | UWSA ထိန်းချုပ် |
| ၁၆ | ပန်ဗိုင် | UWSA ထိန်းချုပ် |
| ၁၇ | ပန်ဆန်း | UWSA ထိန်းချုပ် |
| ၁၈ | ဟိုတောင် | UWSA ထိန်းချုပ် |
| ၁၉ | မိုင်းလား | NDAA ထိန်းချုပ် |

မှတ်ချက် - ISP-Myanmar က စုဆောင်းထားသော အချက်အလက်များဖြစ်ပါသည်။ မြေပြင်အခြေအနေအပါအဝင် ဒေတာရရှိမှု အကန့်အသတ်များကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။ ဝမ်ပုံဆိပ်ကမ်းမှတဆင့် ရေလမ်းကြောင်းဖြင့် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုမှာ ပုံမှန်အတိုင်း လည်ပတ်လျက်ရှိသည်။ နိုင်ငံတော်အဆင့်ဂိတ်များ၊ EAOs များ ယခင်ကတည်းက ထိန်းချုပ်ထားသော ဂိတ်များနှင့် 'စစ်ဆင်ရေး ၁၀၂၇' နောက်ပိုင်း ထိန်းချုပ်ထားသော ဂိတ်များကို ဖော်ပြထားခြင်းဖြစ်သည်။



ပါတယ်။ ဒီလိုကန့်သတ်တယ်လို့ဆိုတဲ့နေရာမှာ ဆောက်လုပ်ရေးပစ္စည်း၊ အိမ်သုံးပစ္စည်း၊ ဆေးဝါး၊ လျှပ်စစ်ပစ္စည်း၊ စားသောက်ကုန်နဲ့ စက်သုံးဆီတွေလည်း ပါဝင်ပါတယ်။ တဖက်မှာလည်း နယ်စပ်မှာဖြစ်ထွန်းနေတဲ့ တရားမဝင်ကုန်သွယ်မှုတွေကြောင့် EAOs တွေ သက်ဆိုးရှည်နေရတယ်ဆိုပြီးတော့ စစ်ကောင်စီဘက်က ယူဆပြောဆိုလာတာတွေလည်း ရှိပါတယ်။ အဲဒီအတွက်ကြောင့်လည်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဆိုပြီးတော့ လုပ်လာတာတွေရှိပါတယ်။ အဲဒီတော့ နယ်စပ်ကတင်သွင်းလာတဲ့ ကုန်စည်တွေတင်မကဘဲ ကုန်သည်တွေကိုပါ ဖမ်းဆီးအရေးယူတာတွေလုပ်ပါတယ်။ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဆိုတဲ့ ခေါင်းစဉ်အောက်ကနေ ဖမ်းဆီးအရေးယူခဲ့တဲ့ အမှုပေါင်းက သောင်းချီရှိခဲ့ပြီးတော့ ကျပ်ဘီလီယံ ၃၀၀ ဖိုးထက်မနည်းကိုလည်း သိမ်းဆည်းတာတွေ လုပ်ခဲ့ပါတယ်။ တိုက်ပွဲတွေကြောင့် နယ်စပ်ကုန်သွယ်ရေး ရပ်လုနီးပါးဖြစ်ပြီးတော့ ကယ်ပေါက်တချို့က ဝင်လာတဲ့ ကုန်စည်တွေကိုလည်း စစ်ကောင်စီကဖမ်း၊ နောက်တဖက်မှာလည်း တရုတ်နိုင်ငံက နယ်စပ်ဂိတ်တွေကို ထပ်ပိတ်နဲ့ ဖြစ်လာတဲ့အကျိုးဆက်တွေကို သာမန်ပြည်သူတွေပါ ခါးစည်းခံလာရပါတယ်။

နေရာအနှံ့မှာ ကုန်စျေးနှုန်း အဆမတန်မြင့်တက်လာတာအပြင် ကုန်ပစ္စည်းပြတ်လပ်တာတွေလည်း ဖြစ်လာသလို နေရာတချို့မှာဆိုရင်တော့ ငွေရှိရင်တောင် ဝယ်လို့မရတဲ့ အခြေအနေမျိုးတွေ ဖြစ်လာပါတယ်။ ဉပမာ - ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ ကချင်ပြည်နယ်က နယ်စပ်ဒေသတွေမှာဆိုရင် စက်သုံးဆီ၊ စားသောက်ကုန်နဲ့ ဆေးဝါးတွေ ပြတ်လုနီးပါးအခြေအနေမျိုး ဖြစ်နေပါတယ်။ ပြီးတော့ စက်သုံးဆီစျေးဆိုလို့ရှိရင် နှစ်ဆနီးပါးမြင့်တက်လာပြီးတော့ တချို့ဆိုင်တွေမှာဆိုရင် ဓာတ်ဆီ၊ ဒီဇယ်ဆီတွေ ဝယ်လို့မရတဲ့အခြေအနေမျိုးတွေအထိပါ ကြုံလာရတာတွေရှိပါတယ်။ ပဋိပက္ခနဲ့ သဘာဝဘေးရဲ့ အကျိုးဆက်တွေကြောင့် ပြည်တွင်းမှာ အလုပ်အကိုင်ရှားပါးရတဲ့အထဲ စစ်မီးကပူ၊ ကုန်စျေးနှုန်းတွေက အဆမတန်တက်၊ ပြီးတော့ စားသောက်ကုန်၊ လူသုံးကုန်တွေပြတ်လပ်နဲ့ ကျနော်တို့ ဇူလိုင်လတုန်းက လုပ်ခဲ့တဲ့ 'ISP နှင့်အတူ မိနစ် ၃၀' အစီအစဉ်မှာ ဆွေးနွေးခဲ့ကြသလိုပဲ ပြည်သူတွေဟာ အနေကျပ်အသေခက်ဘဝနဲ့ ရင်ဆိုင်ဖြတ်သန်းနေကြရတယ်လို့ပဲ ဆိုချင်ပါတယ်ဗျ။

နောက်ထပ်အနေနဲ့ပေါ့နော် တရုတ်နိုင်ငံရဲ့ ဆန်ရှင်ပိတ်ဆို့မှုဖိအားတွေကို တိုင်းရင်းသားလက်နက်ကိုင်တွေက ဘယ်လိုတုံ့ပြန်နေသလဲ။ ဒီပိတ်ဆို့မှုတွေနဲ့ပတ်သက်ပြီးတော့ ဆက်စပ်အခြေအနေတွေကိုတော့ ကိုထက်ရှိန်က ဆက်ပြီးတော့ ဆွေးနွေးပေးပါဗျ။

ISP နှင့်အတူ မိနစ် ၃၀

**30 MINUTES with the ISP**



ထက်ရှိန်
Program Associate
ISP Conflict, Peace & Security Program
ဆွေးနွေးဖက်

ဟုတ်ကဲ့။ ဒီ 'စစ်ဆင်ရေး ၁၀၂၇' ပထမလှိုင်းမှာတုန်းကတော့ ညီနောင်မဟာမိတ်သုံးဖွဲ့ရဲ့ နောက်မှာ တရုတ်နိုင်ငံက ကျောထောက်နောက်ခံပြုထားသလိုလို သုံးသပ်ကြတာ ရှိပါတယ်။ ဒါပေမဲ့ ကိုးကန့်ဒေသမှာ ကျားဖြန့်ကွန်ရက်တွေ ပြိုကွဲသွားပြီးတဲ့နောက်မှာတော့ ပြောင်းလဲချက်တွေ ရှိလာပါတယ်။ ညီနောင်မဟာမိတ်တွေဘက်ကလည်း 'စစ်ဆင်ရေး ၁၀၂၇' ဒုတိယလှိုင်းကို ပြန်စခဲ့ပြီးတော့ စစ်ကောင်စီရဲ့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ လားရှိုးမြို့နဲ့ ရှမ်းမြောက်မှာရှိတဲ့ အရေးပါတဲ့မြို့တွေ တော်တော်များများကို သိမ်းယူလိုက်ပါတယ်။ ဒီအခြေအနေမှာပဲ စစ်ကောင်စီနဲ့ တရုတ်နိုင်ငံကြားထဲမှာ သံတမန်ဆက်ဆံရေးတွေ ပိုရှိလာတယ်။ အခုဆိုရင် စစ်ကောင်စီဥက္ကဋ္ဌကိုယ်တိုင် တရုတ်နိုင်ငံကို သွားခွင့်ရတဲ့အထိပါပဲ။ ဒါကိုဆက်စပ်ကြည့်မယ်ဆိုလို့ရှိရင် တရုတ်နိုင်ငံအနေနဲ့ ယိုင်နဲ့နေတဲ့ မြန်မာစစ်တပ်ရဲ့ အခန်းကဏ္ဍကို ပြန်ထောက်ကူဖို့ရော၊ နေပြည်တော်မပြိုအောင်၊ နောက် ရှမ်းမြောက်မှာရှိတဲ့ ပဋိပက္ခတွေ ပြန့်ကားလာပြီးတော့ တောင်ကြီးလို၊ မန္တလေးလိုမြို့တွေကို ရောက်မလာအောင် ဟန့်တားဖို့အတွက် သူ့ဩဇာစက်ဝန်းထဲကနေ ဆန်ရှင်တွေလုပ်ပြီး ဖိအားပေးနေတာ တွေ့ရပါတယ်။

ဆိုတော့ တရုတ်ရဲ့ ဆန်ရှင်နဲ့ ဖိအားတွေကို EAOs တွေက ဘယ်လိုတုံ့ပြန်ကြသလဲဆိုတာ ဖြစ်ရပ်သုံးခုနဲ့ ဥပမာထားပြီး ပြောပြချင်ပါတယ်။ ပထမဖြစ်ရပ်ကတော့ ဒီနှစ် စက်တင်ဘာလဆန်းမှာပေါ်လာတဲ့ တရုတ်က TNLA ကို ပေးတယ်ဆိုတဲ့ အပစ်ရပ်ရေးခြိမ်းခြောက်စာပါ။ TNLA ကတော့ အပစ်ရပ်မှာမဟုတ်ဘူးလို့ တုံ့ပြန်ခဲ့ပြီးတော့ တိုက်ပွဲတွေဆက်ဖော်ခဲ့ပါတယ်။ နောက်တော့ သီပေါမြို့ကိုလည်း TNLA က သိမ်းလိုက်ပါတယ်။

ဒုတိယဖြစ်ရပ်ကတော့ တရုတ်ရဲ့ဖိအားကို ပြန်တုံ့ပြန်တဲ့ MNDAA ရဲ့ ကြေညာချက်ပါ။ ဒီကြေညာချက်မှာဆိုရင် တရုတ်ရဲ့စိုးရိမ်မှုတွေ ရပ်တည်ချက်တွေကို ပြန်တုံ့ပြန်တဲ့သဘောပါ။ ဒီမှာဘာတွေ့ရမလဲဆိုရင် စစ်ရေးအရတော့ MNDAA က NUG နဲ့ ပူးပေါင်းမှာမဟုတ်ဘူးဆိုတဲ့အကြောင်း၊ တောင်ကြီးလို၊ မန္တလေးလိုမြို့တွေမှာ တိုက်ပွဲဖော်မှာမဟုတ်ဘူးဆိုတဲ့အကြောင်းတွေ ပါပါတယ်။ နောက် တရုတ်နိုင်ငံကို ဆန့်ကျင်တဲ့ ဘယ်နိုင်ငံတကာအင်အားစုနဲ့မှလည်း ပူးပေါင်းမှာမဟုတ်ဘူး။ ပြီးတော့ မြန်မာနိုင်ငံရဲ့ပဋိပက္ခကို တရုတ်က ကြားဝင်စေ့စပ်ပေးစေလိုတယ်ဆိုပြီး ဖိတ်ခေါ်ထားတာလည်း တွေ့ရပါတယ်။ ဆိုတော့ ကိုးကန့်နဲ့ တရုတ်ကြားထဲမှာရှိတဲ့ ဆက်ဆံရေးတွေ၊ သမိုင်းကြောင်းတွေကို ကြည့်မယ်ဆိုရင် MNDAA က ဒီလိုတုံ့ပြန်တာ အဆန်းတော့မဟုတ်ပါဘူး။ မြေပြင်မှာတိုက်ပွဲတွေရပ်သွားပေမဲ့လို့ ကိုးကန့်မှာရော၊ လားရှိုးမှာရော စစ်ကောင်စီက နေ့စဉ်လေကြောင်းကနေ ဗုံးကြဲတိုက်ခိုက်နေတာတွေကို ကျနော်တို့ တွေ့ရမှာပါ။

ကပြင်ရပ်ဝန်း


ISP Myanmar

ISP CONFLICT, PEACE AND SECURITY PROGRAM

## နိုင်ငံအနှံ့ လက်နက်ကိုင်ပဋိပက္ခအခြေအနေ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် အောက်တိုဘာလအထိ)

အာဏာသိမ်းမှုအလွန် သုံးနှစ်ခွဲကျော်ကာလအတွင်း နိုင်ငံအနှံ့ လက်နက်ကိုင်ပဋိပက္ခများအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ၊ လေကြောင်းတိုက်ခိုက်ခံရမှုများ၊ အရပ်သားသေဆုံးမှုများနှင့် နေရပ်စွန့်ခွာ စစ်ဘေးရှောင်ဒုက္ခသည်များ၏ အခြေအနေကို ဖော်ပြထားခြင်းဖြစ်သည်။ 'စစ်ဆင်ရေး ၁၀၂၇'နောက်ပိုင်း တနှစ်ကျော်ကာလအတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ဘေးရှောင်အရေအတွက်များသည် စုစုပေါင်းပမာဏ၏ ထက်ဝက်ကျော်အထိ ရှိခဲ့သည်။




မှတ်ချက် - ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှု စနစ်နှင့်အညီ စုဆောင်းထားသော အချက်အလက်များ ဖြစ်ပါသည်။ အခြားလွတ်လပ်သော အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့်လည်း တိုက်ဆိုင်စစ်ဆေးထားပါသည်။ မြေပြင်အခြေအနေအပါအဝင် ဒေတာရရှိမှု အကန့်အသတ်များကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

တတိယဖြစ်ရပ်ကတော့ အရှေ့မှာ မနန်းလွင်ဆွေးနွေးခဲ့တဲ့ တရုတ်နဲ့ 'ဝ'ခေါင်းဆောင်တွေ တွေ့တဲ့ အစည်းအဝေးမှတ်တမ်းပါ။ ဒီမှတ်တမ်းကိုကြည့်မယ်ဆိုရင်လည်း တရုတ်က ရှမ်းမြောက်ကပဋိပက္ခတွေကို ဒေသတွင်းပဋိပက္ခအဆင့်ကို ကျော်လွန်ပြီးတော့ တနိုင်ငံလုံးနဲ့ ချိတ်ဆက်လာတာမျိုးကို မလိုလားတာ တွေ့ရမှာပါ။ ဆိုတော့ '၁၀၂၇ စစ်ဆင်ရေး' ပထမလှိုင်းတုန်းကတော့ နယ်စပ်မှာရှိတဲ့ တိုက်ပွဲတွေကို တရုတ်က နှုတ်ဆိတ်နေခဲ့ပေမဲ့ အခုတော့ ဒီနယ်စပ်ကို သူက ပြန်တည်ငြိမ်တာပဲ လိုချင်တယ်ဆိုတဲ့သဘောပါ။ ဆိုတော့ ပထမလှိုင်းတုန်းက MNDAA က ကိုးကန့်ဒေသကို ပြန်သိမ်းတာ ကိုးကန့်ရဲ့ ဒေသတွင်းပြဿနာသဘောပဲ ဖြစ်တယ်ပေါ့။ အခုကျတော့ ဒုတိယလှိုင်းမှာ လားရှိုးကျသွားပြီး PDF တပ်တွေပါပါလာပြီးတော့ မန္တလေးအထိ စစ်ဘောင်ကျယ်လာတာကို တရုတ်ကမလိုလားပါဘူး။

တရုတ်ရဲ့ ဖိနှိပ်မှုတွေ၊ ဆန့်ကျင်တွေရှိနေပေမဲ့လည်း မဟာမိတ်တပ်တွေကတော့ မန္တလေးတိုင်းထဲမှာ အခုထိ တိုက်ပွဲတွေ ဆက်လက်ဖော်နေတုန်းပါပဲ။ အခုပုံမှာပြထားတဲ့အတိုင်းပဲ နိုင်ငံအနှံ့မှာလည်း တိုက်ပွဲတွေ ပဋိပက္ခတွေ ကျယ်ပြန့်နေတုန်းပဲဆိုတာတော့ မြင်သာပါတယ်။

ကချင်-တရုတ်နယ်စပ်မှာလည်း အလားတူပါပဲ။ နယ်စပ်ဒေသမြို့တွေကို KIA က ထိုးစစ်ဆင်တဲ့အခါမှာ တရုတ်က KIO ခေါင်းဆောင်တွေကို ခေါ်တွေ့ပြီးတော့ ထိုးစစ်တွေရပ်ဖို့ ဖိအားပေးပါတယ်။ ဒါပေမဲ့ တိုက်ပွဲတွေက ရပ်မသွားဘူး။ အဲဒီလိုခေါ်တွေ့ပြီး နောက်နေ့မှာပဲ KIA က ပန်ဝါမြို့ကိုသိမ်းလိုက်ပါတယ်။ ဆိုတော့ KIA နဲ့ဆက်စပ်နေတဲ့ နယ်စပ်ဂိတ်တွေအားလုံးကို တရုတ်က ပိတ်လိုက်ပါတယ်။ ဒါပေမဲ့လည်း အခုချိန်ထိကို ထိုးစစ်တွေက ရပ်မသွားပါဘူး။

ကျနော် ဒီမှာအဓိကပြောချင်တာက တရုတ်နဲ့ မြန်မာပြည်မြောက်ပိုင်းက လက်နက်ကိုင်တွေအကြားက ဆက်ဆံရေးမှာ အမြဲတမ်းချိန်ညှိနေရတဲ့ မျှခြေတွေရှိပါတယ်။ တရုတ်ကလည်း ခေါင်းမာတဲ့စစ်ကောင်စီကို ဖိအားပေးနိုင်ဖို့ရော၊ မြန်မာနိုင်ငံထဲမှာရှိတဲ့ သူ့ရဲ့စီးပွားရေးလုပ်ငန်းတွေ လုံခြုံရေးအာမခံချက်ရှိဖို့ရော သူ့နယ်စပ်တလျှောက်မှာရှိနေတဲ့ လက်နက်ကိုင်တပ်တွေနဲ့ ခိုင်မာတဲ့ဆက်ဆံရေး ရှိနေဖို့လိုပါတယ်။ ဒါပေမဲ့ တဖက်မှာလည်း ဒီလက်နက်ကိုင်တပ်တွေက စစ်ဆင်ရေးအောင်ပွဲတွေကနေပြီးတော့ ပြည်သူလူထုက အသိအမှတ်ပြုတဲ့ (legitimacy) ပိုရသွားတာ၊ နောက်တော့ မဟာမိတ်နဲ့ နယ်မြေအချိတ် အဆက်တွေ ပိုရတာမျိုးဖြစ်ပြီး တရုတ်ရဲ့ ဩဇာစက်ဝန်းထဲကနေ လွတ်ထွက်သွားတာမျိုး မဖြစ်အောင် တရုတ်က သတိထားရပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်တွေဘက်ကကျတော့ ▶

- အင်အားလည်းကြီးတယ်၊ နောက် စစ်ရေးအရ၊ နိုင်ငံရေးအရ ကိုယ့်ရဲ့ ရပ်တည်ချက်အရ တစုံတရာအထိမှီခိုနေရတဲ့ တရုတ်နိုင်ငံနဲ့ ဆန့်ကျင်ဘက် ထိပ်တိုက်မတွေ့ဖို့ကို သတိထားရပါတယ်။ တဆက်တည်းမှာပဲ တရုတ်ရဲ့ဩဇာစက်ဝန်းကို ကျော်လွန်ပြီးတော့ ကိုယ့်အဖွဲ့ရဲ့ စစ်ရေးအာဏာစက်၊ နိုင်ငံရေးအာဏာစက်ကို ဘယ်လိုချဲ့ထွင်မလဲဆိုတာ သတိကြီးကြီးထားပြီး အမြဲရွေးချယ်ရပါတယ်။ အခုချိန်ထိတော့ EAOs တွေဘက်က ပြန်မပြော၊ နားမထောင်ဆိုတဲ့ ဗျူဟာကို သုံးနေတုန်းပဲလို့ ပြောရမှာပါ။

EAOs တွေအပေါ်မှာ တရုတ်က ဆန်ရှင်တွေ၊ ဖိအားတွေပေးပြီးတော့ တိုက်ပွဲတွေရပ်ဖို့ပြောနေတုန်း တချိန်တည်းမှာပဲ စစ်ကောင်စီကလည်း သူလက်လွှတ်လိုက်ရတဲ့ ရှမ်းမြောက်နဲ့ ကချင်ဒေသက မြို့တွေ၊ ရွာတွေအပေါ်မှာ နေ့တိုင်း လေကြောင်းကနေ ဗုံးကြဲတိုက်ခိုက်နေပါတယ်။


ကပြင်ရပ်ဝန်း
ISP Myanmar

**ISP** CONFLICT, PEACE AND SECURITY PROGRAM

### ရှမ်းမြောက်ဒေသ လက်နက်ကိုင်ပဋိပက္ခအခြေအနေ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် အောက်တိုဘာလအထိ)

အာဏာသိမ်းမှုအလွန် သုံးနှစ်ခွဲကျော်ကာလအတွင်း ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော လက်နက်ကိုင်တိုက်ပွဲများ၏ ၆၇ ရာခိုင်နှုန်းသည် 'စစ်ဆင်ရေး ၁၀၂၇' နောက်ပိုင်း တနှစ်ကျော်ကာလအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လေကြောင်းတိုက်ခိုက်ခံရမှု စုစုပေါင်း၏ ၉၄ ရာခိုင်နှုန်းကျော်မှာလည်း ထိုကာလအတွင်း ဖြစ်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် လက်နက်ကိုင်ပဋိပက္ခများအတွင်း အရပ်သားသေဆုံးမှုများနှင့် နေရပ်စွန့်ခွာ စစ်ဘေးရှောင်ရမှုများ၏ ၈၈ ရာခိုင်နှုန်းကျော်မှာလည်း အဆိုပါ တနှစ်ကျော်ကာလအတွင်း ဖြစ်ခဲ့သည်။




မှတ်ချက် - ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှု စနစ်နှင့်အညီ စုဆောင်းထားသော အချက်အလက်များ ဖြစ်ပါသည်။ အခြားလွတ်လပ်သော အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့်လည်း တိုက်ဆိုင်စစ်ဆေးထားပါသည်။ မြေပြင်အခြေအနေအပါအဝင် ဒေတာရရှိမှု အကန့်အသတ်များကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

အမှတ်-၅
၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် ဖြန့်ချိပါသည်။


ကပြင်ရပ်ဝန်း
ISP Myanmar

**ISP** CONFLICT, PEACE AND SECURITY PROGRAM

## 'စစ်ဆင်ရေး ၁၀၂၇' နောက်ပိုင်း စစ်ပြေးဒုက္ခသည် စံချိန်တင်တိုးခဲ့

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် အောက်တိုဘာလအထိ)

အာဏာသိမ်းမှုအလွန် နိုင်ငံအနှံ့ လက်နက်ကိုင်ပဋိပက္ခများအတွင်း နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည့် စစ်ပြေးဒုက္ခသည် ၆ ဒသမ ၆ သန်းကျော် ရှိခဲ့သည်။ အဆိုပါ ပမာဏ၏ ၄၁ ရာခိုင်နှုန်းကျော် ( ၂ ဒသမ ၇ သန်းကျော်) သည် 'စစ်ဆင်ရေး ၁၀၂၇' နောက်ပိုင်း တနှစ်ကျော်ကာလအတွင်း တိုးခဲ့ခြင်းဖြစ်သည်။ ရခိုင်ပြည်နယ်ရှိ စစ်ပြေးဒုက္ခသည်ပမာဏ၏ ၉၈ ရာခိုင်နှုန်းသည် အဆိုပါ တနှစ်ကျော်ကာလအတွင်း တိုးခဲ့ခြင်းဖြစ်သည်။ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်ရှိ စစ်ပြေးဒုက္ခသည်ပမာဏများ၏ ၈၀ ရာခိုင်နှုန်းကျော်မှာလည်း 'စစ်ဆင်ရေး ၁၀၂၇' နောက်ပိုင်း တိုးလာခဲ့ခြင်းဖြစ်သည်။





မှတ်ချက် - ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှု စနစ်နှင့်အညီ စုဆောင်းထားသော အချက်အလက်များ ဖြစ်ပါသည်။ အခြားလွတ်လပ်သော အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့်လည်း တိုက်ဆိုင်စစ်ဆေးထားပါသည်။ မြေပြင်အခြေအနေအပါအဝင် ဒေတာရရှိမှု အကန့်အသတ်များကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ခဲ့ရသော စစ်ပြေးဒုက္ခသည်ပမာဏများကို ဖော်ပြရာတွင် စစ်အာဏာသိမ်းမှုနောက်ပိုင်း အသစ်တိုးလာခဲ့သည့် အရေအတွက်ကိုသာ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်သည်။

ဒီဒဏ်ကိုလည်း ဒီဒေသမှာရှိနေတဲ့ ပြည်သူတွေကပဲ အများဆုံးထိခိုက်ခံစားရတာပါ။ အခုပုံမှာ ပြထားတဲ့အတိုင်းပဲ 'စစ်ဆင်ရေး ၁၀၂၇' နောက်ပိုင်းမှာဆိုရင် ရှမ်းမြောက်ဒေသမှာ တိုက်ပွဲတွေ ဆတိုးများလာတာတွေ၊ လေကြောင်းတိုက်ခိုက်ခံရတာတွေ၊ အရပ်သားသေဆုံးတာတွေလည်း ဆတက်ထမ်းပိုး ပိုများလာပါတယ်။ စစ်ဘေးရှောင်အရေအတွက်ဆိုရင်လည်း စစ်ဆင်ရေးနောက်ပိုင်းမှာ ရှမ်းမြောက်ဒေသတခုတည်းမှာတင် ၁၀ ဆလောက်များလာပါတယ်။

'၁၀၂၇ စစ်ဆင်ရေး' မတိုင်ခင်တုန်းကဆို ရှမ်းမြောက်ဒေသမှာ စစ်ဘေးရှောင်အရေအတွက်က ၁၈,၀၀၀ ကျော်ရှိပါတယ်။ အခုဆိုရင် ၂၂၀,၀၀၀ လောက်အထိကို များလာပါတယ်။ ရှေ့မှာလည်း တရုတ်ရဲ့ ဖိအားတွေ၊ ဆန့်ရှင်တွေကြောင့် ပြည်သူတွေက နေ့စဥ် ဘယ်လိုအခက်ကြုံနေရလဲဆိုတာကို ကိုကောင်းစံက ပြောပြပြီးပါပြီ။ ပြည်သူတွေကတော့ စစ်ဒဏ်ရော၊ ဖိနှိပ်မှုဒဏ်ကိုရော ပေါင်းပြီးတော့ မြွေပွေရာ ကင်းမှောင့်၊ ဆတက်ထမ်းပိုး ဒုက္ခတွေခံစားနေကြရတယ်လို့ပဲ ပြောချင်ပါတယ်ခင်ဗျ။


ISP နှင့်အတူ မိနစ် ၃၀
30 MINUTES with the ISP



ရည်မွန်
Program Assistant
ISP China Studies Program
အခမ်းအနားမှူး

ဟုတ်ကဲ့။ အခုလိုဆွေးနွေးပေးတဲ့ panelists တွေကို ကျေးဇူးအများကြီးတင်ပါတယ်ဗျ။ Key takeaways အနေနဲ့ပေါ့နော်၊ မနန်းလွင်အနေနဲ့ ဖြည့်စွက်ပြောချင်တာများ ရှိပါသေးလားဗျ။

ISP နှင့်အတူ မိနစ် ၃၀
30 MINUTES with the ISP



နန်းလွင်
Program Head
ISP China Studies Program
ဦးဆောင်ဆွေးနွေးသူ

ဟုတ်ကဲ့ရှင့်၊ ပထမတချက်အနေနဲ့ မြန်မာ့အရေးမှာ တရုတ်နိုင်ငံရဲ့ ချဉ်းကပ်မှုကို ကြည့်ရင် ကျမတို့ ISP-Myanmar က ထောက်ပြခဲ့တဲ့ စီးပွားရေးမက်လုံးအပေါ်မှာအခြေခံတဲ့ ပဋိပက္ခ အရှိန်လျှော့တာက အကိုင်အတွယ်မတတ်ရင်၊ နိုင်ငံရေးရေသောက်မြစ်ပြဿနာကို မဖြေရှင်းနိုင်ရင် ဆိုးကျိုးသက်ရောက်မှုတွေ အများကြီးရှိနိုင်ပါတယ်။ ပဋိပက္ခတွေ သံသရာလည်ပြီး ကာလတခု ကျော်ပြီးတိုင်း အိမ်နီးချင်းနိုင်ငံတွေက ဒီဆိုးကျိုးကို ခံရမှာ ဖြစ်ပါတယ်။ ဒီတော့ ဒီအချက်ကို အထူးသတိထားသင့်ပါတယ်။


ဒုတိယတချက်အနေနဲ့ တရုတ်အစိုးရရဲ့ ပိတ်ဆို့မှုဆန်ရှင်ဟာ (ရုပ်ဝတ္ထုအကျိုးစီးပွားအရတင် မဟုတ်ဘဲနဲ့ ရေရှည် ဆက်ဆံရေး၊ ချစ်ကြည်ရေးရှုထောင့်အရပါ) အရင်းအနှီးနဲ့ စွန့်စားရမှု ကြီးမားတယ်လို့ ဆိုချင်ပါတယ်။ ဒီဆန်ရှင်တွေကြောင့် တရုတ်ဘက်ရော လက်နက်ကိုင်တွေရော နှစ်ဘက်စလုံးက ကုန်သွယ်ရေးအရ ထိခိုက်နစ်နာတာ၊ မဟာဗျူဟာကျ ဆက်ဆံရေးထိခိုက်တာ၊ နယ်စပ်လုံခြုံရေး ထိခိုက်မှု အခြေအနေတွေ ရှိတယ်။ ဒါတင်မကသေးဘူး

- တရုတ်ပြည်သူရော မြန်မာပြည်သူတွေပါ စီးပွားရေး၊ လုံခြုံရေးတွေ ထိခိုက်တဲ့အပြင် တရုတ်အစိုးရနဲ့ မြန်မာပြည်သူအကြား ဆက်ဆံရေးကိုပါ ဆိုးရွားစေတဲ့ အခြေအနေတွေ ရှိပါတယ်။ လောလောဆယ်မှာ ပြန်မပြောနားမထောင် ဗျူဟာခင်းနေတဲ့ EAOs တွေဘက်ကပဲ တောင့်ခံနိုင်မလား၊ တရုတ်ဘက်ကပဲ သူလိုချင်တဲ့ရလဒ် မထွက်ထွက်အောင် ဆန့်ရှင်ဝက်အူကို ဒီထက်ပိုပြီး တဆုံးရစ်မလားဆိုတဲ့အပေါ် မူတည်ပြီး ပဋိပက္ခအခင်းအကျင်းမှာ အရွေ့ကို မြင်ရဖို့ရှိပါတယ်။

တတိယအချက်အနေနဲ့ ပြောရရင်တော့ ဒီအားပြိုင်မှုမှာ ဘယ်ဘက်ကပဲ တောင့်ခံတောင့်ခံ ကျမတို့ မြင်တာကတော့ အခုဖြစ်ရပ်တွေထဲမှာ ထိခိုက်နစ်နာမှု အရှိဆုံးကတော့ ပြည်သူလူထုပဲ ဖြစ်ပါတယ်။ ပဋိပက္ခတွေရဲ့ အကျိုးဆက်အပေါ်မှာ ထပ်လောင်းပြီး တရုတ်ရဲ့ ပိတ်ဆို့မှုဒဏ်ကိုပါ ပြည်သူတွေက ကျောကော့အောင်ခံနေရတယ်ဆိုတာကို သတိပြုဖို့ လိုအပ်ပါတယ်။ ကျမတို့ မြန်မာ-တရုတ် ဆက်ဆံရေးလို့ ဆိုတဲ့နေရာမှာ နှစ်နိုင်ငံဆက်ဆံရေးကိုပဲ ကြည့်လို့မရပါဘူး။ တရုတ်ရဲ့ ရေရှည်အကျိုးစီးပွားအတွက် ပြည်သူနဲ့ ဆက်ဆံရေးကို မေ့ထားလို့မရပါဘူး။ မြန်မာပြည်သူတွေမှာ တရုတ်နိုင်ငံနဲ့ပတ်သက်ရင် ဆန့်ကျင်ရေးအမြင်တွေ ပြင်းပြင်းထန်ထန် ရှိနေတာက တရုတ်နိုင်ငံဟာ တချိန်က အာဏာရှင်တစုမျက်နှာကိုသာကြည့်ပြီးတော့ အကျိုးအမြတ်ရယူခဲ့လို့ပဲ ဖြစ်တယ်ဆိုတဲ့ သင်ခန်းစာကို တရုတ်အစိုးရအနေနဲ့ သတိချပ်ဖို့လိုတယ်လို့ ပြောချင်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။

ISP နှင့်အတူ မိနစ် ၃၀

**30 MINUTES with the ISP**



ရည်မွန်

Program Assistant

ISP China Studies Program

အခမ်းအနားမှူး


ဟုတ်ကဲ့ပါ။ ဆွေးနွေးပေးသွားတဲ့ မနန်းလွင်၊ ကိုကောင်းစံနဲ့ ကိုထက်ရှိန်တို့ကို ကျေးဇူးအများကြီးတင်ပါတယ်။ ဆက်လက်ပြီးတော့ ကျနော်တို့ အမေး/အဖြေ ကဏ္ဍကိုသွားချင်ပါတယ်။ ကျနော်တို့ ကပြင်ရပ်ဝန်းသူ၊ ရပ်ဝန်းသားတွေဆီကနေ ကြိုပြီးတော့ မေးခွန်းတွေကောက်ခံထားတာရှိပါတယ်။ ဒီမေးခွန်းတွေကို ကျနော်တို့ တူရာစုပြီးတော့မှ သုံးခုပြင်ဆင်ထားပါတယ်။

ပထမမေးခွန်းကို ကျနော် ဖတ်ပြချင်ပါတယ်။

?

မြန်မာ့အရေးနဲ့ပတ်သက်ရင် အရင်က ဘေဂျင်းနဲ့ ယူနန်အကြား ချဉ်းကပ်မှု ကွဲပြားတာမျိုးတွေ ရှိတယ်လို့ဆိုကြပါတယ်။ လက်ရှိ နယ်စပ်ဒေသတွေက အခြေအနေတွေနဲ့ပတ်သက်ပြီးတော့ရော ဘေဂျင်းနဲ့ ယူနန်အစိုးရကြားထဲမှာ မူဝါဒပိုင်းအရ ဘယ်လိုအခြေအနေရှိပါသလဲ။


ISP နှင့်အတူ မိနစ် ၃၀
**30 MINUTES with the ISP**



နန်းလွင်
Program Head
ISP China Studies Program
ဦးဆောင်ဆွေးနွေးသူ

ဒီမေးခွန်းကို ကျမဖြေလိုက်ပါမယ်။ တရုတ် ဗဟိုအစိုးရရဲ့ မူဝါဒတွေကို ပြည်နယ်တွေက မလွဲမသွေ လိုက်နာကြရပါတယ်။ ဒါပေမဲ့ ကျမတို့လေ့လာမိသလောက် မြန်မာနယ်စပ်က တိုင်းရင်းသားအဖွဲ့တွေနဲ့ ယူနန်အစိုးရအကြားမှာ ထူးခြားတဲ့ဆက်ဆံရေးတွေရှိပါတယ်။ လူမျိုးစုအရဆက်နွယ်မှုကစလို့ စီးပွားရေးအရဆက်နွယ်မှု၊ ယဉ်ကျေးမှုအရ ဆက်နွယ်မှုတွေနဲ့ အပြန်အလှန်မှီခိုနေရပါတယ်။ ဒါကြောင့် နယ်စပ်ကတိုင်းရင်းသားတွေအပေါ်မှာ ဘေဂျင်းကမြင်သလို၊ ဆက်ဆံသလို ယူနန်ပြည်နယ်ရဲ့ ဆက်ဆံရေးပုံစံက မတူပါဘူး။ အထူးသဖြင့် အပြန်အလှန်ဆက်ဆံရေးမှာ သမိုင်းကြောင်းအရဆက်နွယ်မှုနဲ့ စီးပွားရေးဆက်ဆံရေးတွေအပေါ် မူတည်ပြီး တိုင်းရင်းသားတဖွဲ့ချင်းစီနဲ့ ယူနန်ပြည်နယ်ရဲ့ ဆက်ဆံရေးက ကွာခြားပါတယ်။ အကျိုးအမြတ်ဆက်နွယ်မှုအပေါ် မူတည်ပြီးတော့လည်း မူဝါဒတွေ ကွဲပြားပါတယ်။ လက်ရှိ ဗဟိုအစိုးရရဲ့ ကိုင်တွယ်မှုကြောင့်မို့ ယူနန်ပြည်နယ်အနေနဲ့ မြစ်ဆုံအရေးနောက်ပိုင်းကစလို့ မြန်မာပြည်သူတွေနဲ့ ဆက်ဆံရေး တည်ဆောက်တဲ့အပေါ်မှာ အကြီးအကျယ် ထိခိုက်မှုတွေ ရှိပြီးတော့ သဲထဲရေသွန် ဖြစ်ရတယ်လို့ ခံစားနေကြပါတယ်။ တကယ်တော့ SAC အပေါ် ဘေဂျင်းရဲ့ရပ်တည်မှုဟာ (အထူးသဖြင့် SAC က သူတွန်းတဲ့ နိုင်ငံရေးထွက်ပေါက်ကို လျှောက်ဖို့ဆိုတာ) လောင်းကစား လုပ်ရသလိုပါပဲ။ ယူနန်ပြည်နယ်ကတော့ လက်ရှိအချိန်မှာ သူကိုယ်တိုင်လည်း အောင့်သီးအောင့်သက်နဲ့ လက်ပိုက်ကြည့်နေရတဲ့ အခြေအနေလို့ပဲ ဖြေချင်ပါတယ်ရှင့်။

ISP နှင့်အတူ မိနစ် ၃၀
**30 MINUTES with the ISP**



ရည်မွန်
Program Assistant
ISP China Studies Program
အခမ်းအနားမှူး

ဟုတ်ကဲ့ပါ။ အခုလို ဆွေးနွေးပေးတဲ့ မနန်းလွင်ကို ကျေးဇူးတင်ပါတယ်ဗျ။ ဆက်လက်ပြီးတော့ ဒုတိယမေးခွန်းကိုသွားချင်ပါတယ်။ ဒုတိယမေးခွန်းကတော့ အမေရိကန်ရွေးကောက်ပွဲနဲ့သက်ဆိုင်တဲ့ မေးခွန်းပါဗျ။

?

လက်ရှိအမေရိကန်ရွေးကောက်ပွဲရလဒ်ကြောင့် မြန်မာနဲ့ တရုတ်နိုင်ငံအကြား ဆက်ဆံရေး အခြေအနေအပေါ် ဘယ်လိုသက်ရောက်လာနိုင်မလဲ။

ISP နှင့်အတူ မိနစ် ၃၀
**30 MINUTES with the ISP**




ကောင်းစံ
Program Assistant
ISP China Studies Program
ဆွေးနွေးဖက်

ဒီမေးခွန်းကို ကျနော်ဖြေလိုက်ပါ့မယ်။ ဒေါ်နယ်ထရမ့် ဦးဆောင်တဲ့ အမေရိကန်အစိုးရသစ်ကြောင့် စစ်ကောင်စီနဲ့ တရုတ်နိုင်ငံအကြား ဆက်ဆံရေးကိုတော့ သက်ရောက်မှုရှိနိုင်မယ် မထင်ပါဘူး။ NUG အပြင် အနောက်နိုင်ငံတွေနဲ့နီးစပ်တဲ့ EAOs တွေအပါအဝင် တော်လှန်ရေး

အင်အားစုတွေအပေါ်ကိုတော့ သက်ရောက်မှု တစုံတရာ ရှိလာနိုင်ပါတယ်။ အထူးသဖြင့် ဒေါ်နယ်ထရမ့်ရဲ့ ပြည်တွင်းဦးစားပေးမူဝါဒနဲ့ ပြည်ပကို အကူအညီ အထောက်အပံ့ပေးရတာကို မလိုလားတဲ့ မူဝါဒမျိုးကြောင့် သမ္မတဘိုင်ဒန် လက်ထက်တုန်းကလိုမျိုး အဲဒီတုန်းကအတည်ပြုခဲ့တဲ့ Burma Act လိုမျိုး ဥပဒေနဲ့ ဒီလိုအထောက်အပံ့ရနေတဲ့ အခြေအနေတွေက ခက်ခဲလာနိုင်ပါတယ်။ ဒါပေမဲ့ တရုတ်နိုင်ငံအပေါ် ဒေါ်နယ်ထရမ့်ရဲ့ တင်းမာတဲ့ သဘောထားကြောင့် တရုတ်-အမေရိကန် အားပြိုင်မှုကြားမှာ မြန်မာ့အရေးက တစုံတရာ အတိုင်းအတာတခုထိ အာရုံစိုက်ခံရနိုင်တဲ့အခြေအနေမျိုးလည်း ရှိပါတယ်။ ဒါပေမဲ့ ဒီအာရုံစိုက်ခံရမှုဟာ အမေရိကန်-တရုတ် ပထဝီနိုင်ငံရေးအားပြိုင်မှုကြောင့် အာရုံစိုက်ခံရတာမျိုး ပိုဖြစ်နိုင်ခြေရှိတဲ့အတွက် မြန်မာဟာ ကြားညပ်နိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မြန်မာ့ပဋိပက္ခဇာတ်ကောင်တွေအကြား တရုတ်နိုင်ငံရဲ့ ဩဇာနဲ့ နိုင်ငံရေးအရအရေးပါမှုက ပိုပြီး ကြီးမားလာနိုင်တယ်လို့ ဖြေချင်ပါတယ်ဗျ။

ISP နှင့်အတူ မိနစ် ၃၀
**30 MINUTES with the ISP**



ရည်မွန်
Program Assistant
ISP China Studies Program
အခမ်းအနားမှူး

ဟုတ်ကဲ့။ အခုလိုဖြေကြားပေးတဲ့ ကိုကောင်းစံကို ကျေးဇူးအများကြီးတင်ပါတယ်ဗျ။ ဆက်လက်ပြီးတော့ ကျနော်တို့ တတိယမေးခွန်းကို သွားချင်ပါတယ်။ တတိယမေးခွန်းကတော့

?

EAOs တွေ ထိန်းချုပ်ထားတဲ့ နယ်စပ်ဒေသတွေအပေါ်မှာ လက်ရှိပိတ်ဆို့ကန့်သတ်မှုတွေကြောင့် EAOs တွေ အနေနဲ့ တရုတ်နိုင်ငံရဲ့ လိုလားချက်တွေအတိုင်း လိုက်လျောရမယ်ဆိုရင် လက်ရှိပဋိပက္ခ အခင်းအကျင်းအပေါ် ဘယ်လိုသက်ရောက်မှုတွေ ရှိလာနိုင်မလဲ။

အမှတ်-၅
၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ဖြန့်ချိပါသည်။


ISP နှင့်အတူ မိနစ် ၃၀
**30 MINUTES with the ISP**



ထက်ရှိန်
Program Associate
ISP Conflict, Peace & Security Program
ဆွေးနွေးဖက်

တရုတ်ရဲ့တောင်းဆိုချက်တွေကို လိုက်လျောလိုက်ရရင်တော့ အသိသာဆုံး ဖြစ်နိုင်မယ့် အချက်ကတော့ ရှမ်းမြောက်ဒေသမှာ သေနတ်သံတွေ တိတ်သွားတာ၊ တိုက်ပွဲရပ်သွားတာပါ။ ဒီလိုဖြစ်လာရင် ရှမ်းမြောက်မှာရှိတဲ့ လက်နက်ကိုင်တပ်တွေအနေနဲ့ လုံခြုံရေးဝိရောဓိ (security dilemma) ကို ခံစားရမှာပါ။ ဆိုလိုတာက စစ်ကောင်စီတပ်က လက်နက်စုတာ၊ တပ်သားသစ်စုတာ၊ လေယာဉ်တွေဝယ်တာ ဒီလိုတွေလုပ်လာရင် ဒါဟာ ရှမ်းမြောက်မှာရှိနေတဲ့ သူတို့ လက်လွှတ်လိုက်ရတဲ့ ဒေသတွေကို ပြန်ထိုးစစ်ဆင်ဖို့ လုပ်နေတာလားဆိုတဲ့ မလုံခြုံမှုမျိုးကို EAO တွေက ခံစားရနိုင်ပါတယ်။ တဆက်တည်းမှာပဲ အရင်းအနှီးကြီးကြီးပေးပြီး သိမ်းယူထားရတဲ့ လားရှိုးလို၊ ရမခလို နေရာတွေကို ပြန်ပြီးလက်လွှတ်ရကောင်း လက်လွှတ်လိုက်ရနိုင်ပါတယ်။ တဖက်မှာလည်း ရှမ်းမြောက်မဟုတ်တဲ့ အညာလို၊ ရှမ်းတောင်လို ဒေသတွေမှာ စစ်မျက်နှာအသစ်တွေပေါ်လာနိုင်ပါတယ်။ 'စစ်ဆင်ရေး ၁၀၂၇' မှာ အတူတူဝင်တိုက်ခဲ့တဲ့ BPLA တပ်ဆိုလို့ရှိရင် အညာကို ဆင်းမယ်လို့ တရားဝင်ပြောထားတာရှိပါတယ်။ အညာဒေသကို တခြားသောတပ်တွေလည်း ပိုတိုးဝင်နိုင်ခြေ ရှိပါတယ်။ နောက်ပြီးတော့ စစ်ကောင်စီက ၂၀၂၅ ခုနှစ်မှာ လုပ်မယ်ဆိုတဲ့ ရွေးကောက်ပွဲကို ထောက်ခံတယ်လို့ တရုတ်နိုင်ငံက ပြောထားတာရှိပါတယ်။ ဒီအခင်းအကျင်းမှာဆိုရင် စစ်ကောင်စီရဲ့ ရွေးကောက်ပွဲမှာ ပါဝင်ကြမယ့် ဝန်ထမ်းတွေ၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်တွေ၊ ဒါတွေကို လုပ်ကြံသတ်ဖြတ်တာ၊ မဲရုံတွေကို ဖျက်ဆီးတိုက်ခိုက်တာမျိုး ရှိလာနိုင်တယ်လို့ ဆိုချင်ပါတယ်ဗျ။

ISP နှင့်အတူ မိနစ် ၃၀
**30 MINUTES with the ISP**



ရည်မွန်
Program Assistant
ISP China Studies Program
အခမ်းအနားမှူး

ဟုတ်ကဲ့။ အခုလို ဆွေးနွေးပေးတဲ့ ကိုထက်ရှိန်ကို အများကြီး ကျေးဇူးတင်ပါတယ်။ ဆက်လက်ပြီးတော့ ကျနော်တို့ အမေးအဖြေကဏ္ဍကိုသွားချင်ပါတယ်။ ကပြင်ရပ်ဝန်းသူ၊ ရပ်ဝန်းသားတွေဆီကနေ နောက်ထပ်မေးခွန်းတခုနဲ့ မှတ်ချက်တခုကို လက်ခံပေးပါ့မယ်ဗျ။ မေးခွန်းမေးမယ်ဆိုရင်တော့ raise hand လုပ်ပြီးတော့ မေးမြန်းလို့ရပါတယ်။ ပထမဆုံး raise hand လုပ်တဲ့သူရဲ့ မေးခွန်းကို ကျနော်တို့ဘက်က လက်ခံသွားပါ့မယ်ဗျ။

လက်ထောင်ထားတာရှိပါတယ်။ ကျနော်တို့ဘက်က မိုက်ဖွင့်ပေးလိုက်ပါ့မယ်ဗျ။ မေးခွန်း မေးလို့ရပါပြီ။

ISP နှင့်အတူ မိနစ် ၃၀
**30 MINUTES with the ISP**



ISP ကပြင်ရပ်ဝန်းသားတဦး

?

တရုတ်က တရုတ်နည်းတရုတ်ဟန်နဲ့ စီးပွားရေးပိတ်ဆို့မှုတွေက EAO တွေ အပေါ်မှာ သက်ရောက်မှုရှိတယ်လို့ ပြောသွားတာကြားပါတယ်။ ဂိတ်တွေပိတ်လိုက်တဲ့အတွက် အများပြည်သူအပေါ်မှာရော ဘယ်လိုသက်ရောက်မှုတွေ ရှိလာနိုင်မလဲလို့ အဲဒါလေး သိချင်ပါတယ်။

ISP နှင့်အတူ မိနစ် ၃၀

**30 MINUTES with the ISP**



ကောင်းစံ

Program Assistant

ISP China Studies Program

ဆွေးနွေးဖက်

မေးခွန်းမေးသွားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အခုလက်ရှိ အနေအထားအရတော့ နယ်စပ်ဂိတ်တွေ ပိတ်လိုက်တဲ့အတွက်ကြောင့် ဒီနယ်စပ်ဒေသတွေက ပိုပြီးတော့ အခက်အခဲ ကြုံနေရတဲ့အနေအထားလို့ ပြောချင်ပါတယ်။ အထူးသဖြင့်တော့ ဆွေးနွေးခဲ့တဲ့အထဲမှာလည်း ပါပါတယ်။ ရှမ်းပြည်မြောက်ပိုင်းနဲ့ အထူးသဖြင့် ကချင်ပြည်နယ်က နယ်စပ်ဒေသတွေပေါ့နော်။ ဒီဒေသတွေက တရုတ်နဲ့နီးစပ်တယ်။ တရုတ်ရဲ့သွင်းကုန်တွေမှာ စားသောက်ကုန်တော်တော်များများကအစ တရုတ်နိုင်ငံကို မှီခိုရတဲ့အနေအထားမျိုးရှိတဲ့အခါမှာ တရုတ်နိုင်ငံက ပိတ်လိုက်တဲ့အတွက် အခုလတ်တလော ကြုံနေရတာကတော့ စားသောက်ကုန်တွေ ပြတ်လပ်တာ၊ နောက်အခုအခြေအနေမှာ စက်သုံးဆီဈေးတွေ အဆမတန်တက်လာတာမျိုး ကြုံတွေ့နေရတယ်ပေါ့နော်။ နောက်ပြီးတော့ ပြန်ကြည့်မယ်ဆိုရင် ပြည်မဘက်က တိုက်ပွဲအခြေအနေကြောင့် ကုန်စည်စီးဆင်းမှု ပြတ်တောက်တာတွေ ဖြစ်နေတယ်။ ပြည်မဘက်က ကုန်စည်တွေကလည်း နယ်စပ်ကိုမရောက်နိုင်ဘူး။ စစ်ကောင်စီဘက်ကလည်း အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင်တွေ ထိန်းချုပ်ထားတဲ့ဒေသတွေကို ကုန်စည်စီးဆင်းမှု မရောက်အောင် ဖြတ်တောက်တာတွေ လုပ်ထားတဲ့အတွက် ဟိုဘက်ကလည်းပိတ်၊ ဒီဘက်ကလည်းပိတ် ဖြစ်နေတဲ့ အနေအထားမျိုးမှာ ပြည်သူတွေက ပိုပြီး ခါးစည်းခံလာရတဲ့အနေအထားမျိုးလို့တော့ ပြောချင်ပါတယ်။ လတ်တလောမှာတော့ ဒီအခြေအနေတွေကို ကြုံတွေ့ရတယ်။ တခုရှိတာကတော့ ဒီဒေသတွေက တိုင်းရင်းသားလက်နက်ကိုင်တွေ ထိန်းချုပ်ထားတဲ့ဒေသတွေဖြစ်တဲ့အတွက် တိုင်းရင်းသားလက်နက်ကိုင်တွေအနေနဲ့ ခုလက်ရှိတော့ တတ်နိုင်သလောက် နေ့စဉ်စားဝတ်နေရေးမှာ ပြည်သူတွေအတွက် သက်သက်သာသာ၊ ချောင်ချောင်ချိချိနဲ့ လည်ပတ်နိုင်အောင် ကြိုးစားနေတဲ့ အနေအထားမျိုးကို တွေ့ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီပိတ်ဆို့မှုက ရေရှည်ကြန့်ကြာလာမယ်ဆို ပြည်သူတွေအတွက် အခက်အခဲကြုံရတဲ့ အခြေအနေက ကြီးလာနိုင်တယ်။ နေ့စဉ်လူမှုစီးပွားဘဝတွေကိုပါ သက်ရောက်မှုတွေ အများကြီးဖြစ်လာနိုင်တယ်လို့ပဲ ပြောချင်ပါတယ်။


ISP နှင့်အတူ မိနစ် ၃၀
30 MINUTES with the ISP



ISP ကပြင်ရပ်ဝန်းသားတဦး

ကျနော်တို့ မြန်မာနိုင်ငံက ကိုယ့်အတွက်သာ ကြီးမားတဲ့ပြဿနာကြီး ဖြစ်နေတာ ပေါ့နော်။ တကယ်တမ်း ကမ္ဘာပေါ်မှာ မြန်မာနိုင်ငံဆိုတာ ဘာမှမဟုတ်ပါဘူး။ တရုတ်နိုင်ငံအတွက်လည်း ဘာမှမဟုတ်တဲ့နိုင်ငံတခုပါ။ တရုတ်နိုင်ငံကတော့ မြန်မာနိုင်ငံကို အိမ်နီးချင်း အဆွေတော်နိုင်ငံလေးတခုအနေနဲ့ စစ်ဖြစ်မှာကိုမလိုလားဘူး။ ဒါပေမဲ့ မြေရှားသတ္တုနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံဟာ သူတို့အတွက် အလေးထားစရာများ ဖြစ်နေမလားဆိုတာ သိချင်ပါတယ်။

ISP နှင့်အတူ မိနစ် ၃၀
30 MINUTES with the ISP




ရည်မွန်
Program Assistant
ISP China Studies Program
အခမ်းအနားမှူး

ဒီမေးခွန်းကို panelist တွေ ဖြေပေးပါဦးဗျ။

ISP နှင့်အတူ မိနစ် ၃၀

**30 MINUTES with the ISP**



နန်းလွင်

Program Head

ISP China Studies Program

ဦးဆောင်ဆွေးနွေးသူ

ဒီမေးခွန်းကို ကိုကောင်းစံ ဆွေးနွေးတဲ့ထဲမှာ ဖြေပြီးခဲ့ပြီးဖြစ်ပါတယ်။ အဓိကတော့ အာဏာမသိမ်းခင် ရှေ့ခုနစ်နှစ်လောက် စာရင်းတွေပြန်တွက်မယ်ဆိုလို့ရှိရင် တရုတ်နိုင်ငံကို နိုင်ငံတကာကနေ တင်သွင်းတဲ့ မြေရှားသတ္တုရဲ့ ၇၀-၈၀ ရာခိုင်နှုန်းလောက်က မြန်မာနိုင်ငံကနေ လာတာဖြစ်ပါတယ်။ ကမ္ဘာမှာလည်း တရုတ်နိုင်ငံက မြေရှားသတ္တုကို သံတမန်ရေးမှာ အသာစီးရတဲ့ပုံစံမျိုး သုံးပြီးလုပ်နေခဲ့တာဟာ ကာလကြာရှည် ရှိခဲ့ပါပြီ။ မြန်မာက မြေရှားသတ္တုတင်ပို့မှုရပ်တာက ကျမတို့ အင်မတန်မှ impact ကြီးတယ်လို့ ဖြေချင်ပါတယ်ရှင့်။

ISP နှင့်အတူ မိနစ် ၃၀

**30 MINUTES with the ISP**



ရည်မွန်


Program Assistant

ISP China Studies Program

အခမ်းအနားမှူး

မေးခွန်းမေးပေးတဲ့ ကပြင်ရပ်ဝန်းသူ၊ ရပ်ဝန်းသားတွေကိုလည်း ကျေးဇူးတင်ပါတယ်။ မေးခွန်းတွေကို ဖြေကြားပေးတဲ့ Panelist တွေကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်ဗျ။ လက်ရှိမှာတော့ အစီအစဉ်မရပ်နားခင်မှာ Panelist တွေအနေနဲ့ အနှစ်ချုပ် ဆွေးနွေးပေးပါဦးဗျ။


ISP နှင့်အတူ မိနစ် ၃၀
**30 MINUTES** with the **ISP**



နန်းလွင်
Program Head
ISP China Studies Program
ဦးဆောင်ဆွေးနွေးသူ

ကျမတို့ ခုနက ဆွေးနွေးခဲ့သလိုပဲ လက်ရှိတရုတ်နိုင်ငံရဲ့ချဉ်းကပ်မှုဟာ အကျိုးအမြတ်ခွဲဝေရေးကို အဓိကထားတဲ့အတွက် ဒီနောက်ဆက်တွဲဆိုးကျိုးတွေ မသက်ရောက်အောင် ကိုင်တွယ်ဖို့ လိုပါတယ်။ တရုတ်အစိုးရကတွန်းတဲ့လုပ်ငန်းစဉ်ဟာ SAC ကို ဦးတည်ထားတဲ့ လုပ်ငန်းစဉ် ဖြစ်တာကြောင့် အထူးသဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်ထဲက သွားရမယ်ဆိုတဲ့ကိစ္စက နွေဦးတော်လှန်ရေး ဦးဆောင်သူတွေနဲ့ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့တွေအတွက်တော့ လက်ခံဖို့ ခက်ခဲစေမှာဖြစ်ပါတယ်။ အတင်းအကျပ် ဖိအားပေး အကျပ်ကိုင်တဲ့ လုပ်ငန်းစဉ်ကြောင့် ပဋိပက္ခတွေ ပြန့်ကားမထွက်အောင်လည်း သတိကြီးကြီး ထားဖို့လိုပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မြန်မာ့အကျပ်အတည်းကို ဖြေရှင်းမယ့် ကိစ္စမှန်သမျှဟာ မြန်မာပြည်သူလူထုရဲ့ ဆန္ဒနဲ့ဝေးကွာမှု မရှိစေဖို့ လိုအပ်တယ်လို့ ပြောရင်း နိဂုံးချုပ်ချင်ပါတယ်ရှင့်။

ISP နှင့်အတူ မိနစ် ၃၀
**30 MINUTES** with the **ISP**



ရည်မွန်
Program Assistant
ISP China Studies Program
အခမ်းအနားမှူး

ဟုတ်ကဲ့၊ ကျေးဇူးပါ။ အခုလိုဆွေးနွေးပေးတဲ့ panelist တွေကို ကျေးဇူးအများကြီးတင်ပါတယ်။ ကျနော်တို့ရဲ့ ဒီနေ့အစီအစဉ်မှာ မဖြေလိုက်ရတဲ့ ကျန်ရှိနေတဲ့ မေးခွန်းတွေနဲ့ မှတ်ချက်တွေ ရှိနေပါတယ်။ နောက်ပိုင်းမှာ ဒီမေးခွန်းတွေကို အီးမေးလ်ကနေတဆင့် ပြန်လည်ဖြေကြားသွားပါ့မယ်။ အခြားသုတေသန အချက်အလက်တွေနဲ့ မြေပုံတွေ တွေ့ရှိချက်တွေကိုလည်း ISP-Myanmarရဲ့ www.ispmyanmar.comနဲ့ social media တွေကနေ တဆင့် အခမဲ့ဝင်ရောက်လေ့လာနိုင်ပါတယ်ဗျ။ ဒီနေ့အစီအစဉ်ကို တက်ရောက်လာကြတဲ့ ကပြင်ရပ်ဝန်းသူ၊ ရပ်ဝန်းသားများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောရင်းနဲ့ ဒီနေ့အစီအစဉ်ကို နိဂုံးချုပ်လိုက်ပါတယ်ဗျ။ ■

# နောက်ဆက်တွဲမေးခွန်းနှင့် ဖြေဆိုချက်များ

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ပြုလုပ်ခဲ့သော 'ISP နှင့်အတူ မိနစ် ၃၀' အစီအစဉ်
ပြုလုပ်ချိန်အတွင်း စာဖြင့်ရေးသား မေးမြန်းခဲ့သော မေးခွန်းများကို ပြန်လည်ဖြေဆိုထားခြင်း ဖြစ်ပါသည်။

**တရုတ်က အဓိက ဘာပြန်လိုချင်တာလို့ ယူဆပါသလဲ။**

မြန်မာ-တရုတ်နယ်စပ်က တိုင်းရင်းသားလက်နက်ကိုင်တွေကို ဦးတည်ထားတဲ့ ပိတ်ဆို့မှုကနေ တရုတ်လိုချင်တာကတော့ သူ့နယ်စပ်မှာ ပဋိပက္ခကြောင့် ဖရိုဖရဲဖြစ်နေတာတွေကို ရပ်ပြီး သူ့မဟာဗျူဟာအကျိုးစီးပွားတွေကို ကာကွယ်နိုင်ရေး၊ အကောင်အထည်ဖော်နိုင်ရေးနဲ့ နယ်စပ်ဒေသတည်ငြိမ်ရေး ဖြစ်ပါတယ်။ ကျယ်ပြန့်တဲ့ နိုင်ငံရေးရည်မှန်းချက်ကို ပြောရမယ်ဆိုရင်တော့ စစ်တပ်ရဲ့ချည့်နဲ့မှုကို ပြန်လည်ထောက်ကူပေးချင်တယ်။ ရွေးကောက်ပွဲကျင်းပကာ ခေါင်းဆောင်အပြောင်းအလဲလုပ်ပြီး သူ့အကျိုးစီးပွားတွေကို အကောင်အထည်ဖော်ချင်တယ်။ တရုတ်နိုင်ငံက အာရုံစိုက်ပြီးပြောပြောနေတဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး (တော်လှန်ရေးအင်အားစုတွေနဲ့ အထူးသဖြင့် မြန်မာ-တရုတ်နယ်စပ်က တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့) ဆွေးနွေးနိုင်ဖို့အထိသွားချင်တယ်။ မြန်မာ့နိုင်ငံရေးမှာ အနောက်နိုင်ငံတွေက ဝင်ရောက်စွက်ဖက်ခွင့်မရအောင် ကာထားချင်တယ်။ ချုပ်ပြောရရင်တော့ တရုတ်ရဲ့ မဟာဗျူဟာကျ အကျိုးစီးပွားတွေအရ၊ ပထဝီနိုင်ငံရေးအရ မြန်မာနိုင်ငံကို အဘက်ဘက်ကနေ သူ့ဩဇာစက်ကွင်းထဲက လွတ်ထွက်မသွားအောင် ချုပ်ထားချင်တယ်လို့ပဲ ဖြေချင်ပါတယ်။

?

ဆန်ရှင်ဆိုတာ သက်ဆိုင်သူ လူပုဂ္ဂိုလ်နဲ့ အသင်းအဖွဲ့တွေကို တတ်နိုင်တဲ့နည်းလမ်းနဲ့ အဆက်ဖြတ် ပညာပေးဆုံးမခြင်းလို့ မြင်မိပါတယ်။ တရုတ်က နယ်စပ်နေပြည်သူ အားလုံးကို အခုလို ဖြတ်တောက်နေတာမျိုးကို နိုင်ငံတကာအဆင့်နဲ့ စံနှုန်းသတ်မှတ် ခေါ်ဆိုမှုကို နားလည်အောင် ရှင်းပြပေးပါခင်ဗျ။

တရုတ်နိုင်ငံရဲ့ ပိတ်ဆို့အရေးယူတဲ့ ချဉ်းကပ်မှုက သူတို့ရဲ့ နိုင်ငံရေးနဲ့ စီးပွားရေးအရ လိုချင်တဲ့ပန်းတိုင်ကိုရောက်အောင် ဆန်ရှင်လုပ်ခံရသူက လိုက်လုပ်အောင် ဖိအားပေးတာကို အလွတ်သဘော ဒါမှမဟုတ် သွယ်ဝိုက်တဲ့နည်းလမ်းတွေနဲ့ လုပ်ဆောင်လေ့ရှိပါတယ်။ အစဉ်အလာအရ တရုတ်နိုင်ငံက စီးပွားရေးမက်လုံးတွေ (economic incentives) သုံးပြီး အခြားနိုင်ငံတွေနဲ့ အပြုသဘောဆောင်တဲ့ မဟာမိတ်ဆက်ဆံရေး တည်ဆောက်ဖို့ ကြိုးစားတယ်။ တဖက်မှာလည်း အခြားနိုင်ငံတွေရဲ့မူဝါဒတွေကို သဘောမတွေ့ဘူးဆိုတာကို အချက်ပြဖို့ ပြစ်ဒဏ်ခတ်အရေးယူမှုတွေ (punitive measures) လုပ်ပါတယ်။ သမိုင်းကြောင်းတွေကိုပြန်ကြည့်ရင် တရုတ်နိုင်ငံရဲ့ ပိတ်ဆို့အရေးယူမှုက အကန့်အသတ် (limited extra-territorial reach) တွေရှိပေမဲ့ အထူးသဖြင့် တရုတ်ဈေးကွက်နဲ့ ရင်းနှီးမြှုပ်နှံမှုအပေါ် အလုံးစုံမှီခိုနေရတဲ့ နိုင်ငံတွေအပေါ်မှာ သက်ရောက်မှု အင်မတန်ကြီးမားပါတယ်။ မြန်မာ-တရုတ် နယ်စပ်က ဂိတ်တွေကိုပိတ်ပြီး နယ်စပ်က တိုင်းရင်းသားလက်နက်ကိုင်တွေကို စစ်ရေးအရ အင်အားချည့်နဲ့အောင်လုပ်တာကတော့ တရုတ်ဘက်ကလိုချင်တဲ့ နိုင်ငံရေးအခင်းအကျင်း ဖြစ်လာအောင် တိုင်းရင်းသားတွေက လိုက်လုပ်ဖို့၊ တိုင်းရင်းသားလက်နက်ကိုင်တွေရဲ့ ပြုမူပုံပြောင်းလဲရေး (behavioral change) ဖြစ်အောင် တိုက်ရိုက် ဖိအားပေးတဲ့သဘောပါ။ ဒါပေမဲ့ မြန်မာနိုင်ငံရဲ့အနေအထားအရ တရုတ်ကုန်စည်တွေအပေါ်မှာ မှီခိုမှုကြီးတဲ့အတွက် ပြည်သူတွေပါ ကျွဲကူးရေပါ ခံစားရတာဖြစ်ပြီး မြေစာပင်ဖြစ်ရတယ်လို့ ဆိုနိုင်ပါတယ်။

?

တရုတ်ဆန်ရှင်ကို ခံရတဲ့ တိုင်းရင်းသားအဖွဲ့တွေက ဘာတွေ လုပ်နိုင်လဲ၊ ဘယ်လောက် လုပ်နိုင်လဲ။

တရုတ်နိုင်ငံနဲ့ မြန်မာပြည်မြောက်ပိုင်းက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြားက ဆက်ဆံရေးမှာ အမြဲချိန်ညှိနေရတဲ့ မျှခြေတွေရှိတဲ့အကြောင်း အရှေ့မှာ ဆွေးနွေးခဲ့ကြပြီးပါပြီ။ အခု တရုတ်ရဲ့ ဆန်ရှင်တွေကိုလည်း တိုင်းရင်းသားလက်နက်ကိုင်တွေဘက်က ဒီမျှခြေတွေကိုချိန်ညှိရင်းနဲ့ ကိုင်တွယ်လိမ့်မယ်လို့ ဖြေချင်ပါတယ်။ ဆိုလိုတာကတော့ တိုင်းရင်းသားလက်နက်ကိုင်တွေက သူတို့ရဲ့ လိုလားချက်တွေကို တရုတ်ရဲ့လိုလားချက် အကျိုးစီးပွားတွေနဲ့ ထိပ်တိုက်ဆန့်ကျင်ဘက်မဖြစ်အောင် ချိန်ညှိယူရင်း ရှမ်းမြောက်ဒေသအပြင်ဘက်က စစ်ကောင်စီကို တိုက်ခိုက်တဲ့ တိုက်ပွဲတွေကို ဆက်လက်ကူညီတာနဲ့ ရှမ်းမြောက်ဒေသအတွင်း အပစ်ရပ်စဲရေး ဆွေးနွေးကြတာမျိုး ဖြစ်နိုင်ပါတယ်။ ■

Institute for Strategy and Policy-Myanmar
+66 80 747 9712
PO Box 149, Chiang Mai University PO, Chiang Mai, 50202.
info@ISPMyanmar.com
www.ISPMyanmar.com